**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၉)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
၂၀၂၆ ခုနှစ်၊ မေ ၇ ရက်၊ ကြာသပတေးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံ့စီးပွားရေးအားကောင်းလာစေရေး MSME လုပ်ငန်းများကို မဖြစ်မနေအားပေးမြှင့်တင်ကြရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း MSME လုပ်ငန်းများကို အထူးအလေးထားအားပေးသွားရန်နှင့် ဒေသမှထွက်ရှိသည့်ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အဓိကထားဆောင်ရွက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

**ဆောင်းပါး**

တားဆီးကာကွယ် မီးခိုးမြူငွေ့အန္တရာယ် စာ - ၁၂ သို့

တာဝန်ကျေပွန် ရဲရင့်မွန်မြတ် ဂုဏ်ဒြပ်များဖြင့် အိမ်ပြန်ခဲ့ပြီ စာ - ၁၄ သို့

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်းအသီးသီးသို့ စတင်ထွက်ခွာ ဒေသန္တရလေ့လာရေးခရီးစဉ်များသွားရောက်

စာ - ၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၇ ရက်)

# အများက လေးစားအတုယူရမည့် စံပြလူငယ်မောင်မယ်များ

လူမှုပတ်ဝန်းကျင်တွင် အများထက်ပိုမိုထူးကဲစွာ သာလွန်ကောင်းမွန်သူများကို ဂုဏ်ပြုချီးကျူးလေ့ရှိသည်မှာ မြန်မာ့ဓလေ့ကောင်းတစ်ခုဖြစ်သည်။ သက်ဆိုင်ရာနယ်ပယ်များအလိုက် ထူးချွန်သူများကို ရွေးချယ်ဂုဏ်ပြုပေးလျက်ရှိရာတွင် အခြေခံပညာနှင့်အဆင့်မြင့်ပညာများမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကိုလည်း လူရည်ချွန်များအဖြစ်ရွေးချယ်ကာ နိုင်ငံတော်က အရေးတယူဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။ **"လူရည်ချွန်"**ဆိုသည်မှာ ထူးချွန်ထက်မြက်သူ၊ အသိဉာဏ်ပညာပြည့်ဝသူ၊ အများထက်သာလွန်အောင် ကြိုးစားအားထုတ်နိုင်သူ၊ ပင်ကိုစွမ်းရည်မြင့်မားသူများဖြစ်ကြသည်။

လူရည်ချွန်စီမံကိန်းဆိုသည်မှာ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်ပြီး ဗလငါးတန်ပြည့်ဝသည့် လူကောင်းလူတော်များ၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများမှတစ်ဆင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာတတ်လူငယ်များ ပေါ်ထွန်းလာရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူအချင်းချင်း လူရည်ချွန်ရွေးချယ်ခံရသူများကို အားကျအတုယူလိုစိတ်၊ မိမိကိုယ်တိုင်လူရည်ချွန်ဖြစ်အောင် ကြိုးစားလိုစိတ်များနှင့်ကောင်းသောယှဉ်ပြိုင်မှုများနှင့်အဘက်ဘက်မှ လေ့လာသင်ယူလိုစိတ်များကို မြှင့်တင်ပေးခြင်းလည်းဖြစ်သည်။ ထိုသို့ကောင်းမြတ်သည့်ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်နေသည့် လူရည်ချွန်စီမံကိန်းသည် ဆယ်စုနှစ်များစွာ သန္ဓေတည်ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်းရတနာများမွေးထုတ်ပေးရာ အစဉ်အလာကောင်းသည့် ပညာရေးစီမံကိန်းတစ်ခုလည်းဖြစ်သည်။ ယခင်က လူရည်ချွန်အဖြစ်ရွေးချယ်ခံခဲ့ရသူများသည် ယခုအချိန်တွင် နိုင်ငံ့တာဝန်များကို အဆင့်မြင့်စွာထမ်းဆောင်နေကြသူများရှိနေပြီး လက်ရှိအစိုးရအဖွဲ့အသီးသီးတို့၌ပင် လူရည်ချွန်ရွေးချယ်ခံခဲ့ရသူ ၁၂ ဦးပါဝင်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို မေလ ၅ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်ပြီး ဩဝါဒအမှာစကားပြောကြားစဉ် **"မောင်တို့မယ်တို့အနေဖြင့် မိမိတို့ရရှိထားသည့်လူရည်ချွန်ဟူသည့် ဂုဏ်ပုဒ်၊ အဆင့်အတန်းနှင့်အညီ ပြောဆိုနေထိုင်ပြုမူလုပ်ကိုင်မှုများကိုမြှင့်တင်နိုင်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ "အတ္တနှင့်ပရ"မျှတမှုရှိအောင် ကျင့်ကြံနေထိုင်ကြရန်နှင့် ခေတ်စနစ်၏တိုးတက်မှုနည်းလမ်းများကို အမြဲမပြတ်ရှာဖွေနေရန်လိုအပ်သကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မေးမှိန်ပျောက်ကွယ်မသွားအောင်လည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း၊ လူငယ်ဘဝတွင်ရှိသင့်သည့်ကျင့်ဝတ်များဖြစ်သည့် သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များကို လိုက်နာနေထိုင်ကြရန်နှင့် မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ဘာသာတရား၏ အဆုံးအမနှင့်အညီ ကိုယ်ချင်းစာမှု၊ သည်းခံခွင့်လွှတ်မှုဟူသည့် အခြေခံစိတ်ဓာတ်ကောင်းများမွေးမြူကြရမည်ဖြစ်ကြောင်း၊ အများက လေးစားအတုယူရမည့်စံပြပုဂ္ဂိုလ်များဖြစ်အောင် အပတ်တကုတ်ကြိုးစားအားထုတ်ကြရန်"** ထည့်သွင်းမှာကြားခဲ့သည်။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်လျှောက်လှမ်းသည့်အချိန်ကာလတွင် နိုင်ငံတော်ကအားထားရသည့်လူရည်ချွန်မောင်မယ်များအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာ၌ စွမ်းအားနှင့်ပူးပေါင်းပါဝင်မှုသည် အထူးအရေးကြီးပေသည်။ လူရည်ချွန်မောင်မယ်များမှာ စာပေဘာသာရပ်များကိုသာ ကျွမ်းကျင်ပိုင်နိုင်ခြင်းမဟုတ်ဘဲ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှု၊ တစိုက်မတ်မတ်လေ့ကျင့်မှု စသည့် ကာယ၊ ဉာဏစွမ်းအားများနှင့် စစ်ဆေးအကဲဖြတ်မှုအဆင့်ဆင့်ကို ယှဉ်ပြိုင်ကျော်ဖြတ်နိုင်ခဲ့ကြသူများဖြစ်သည်။

ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့်ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ခဲ့သဖြင့် အောင်မြင်မှုများရရှိပြီး မိမိမိသားစု၊ မိမိကျောင်း၊ မိမိဒေသအတွက် ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့်လူငယ်များ၏အင်အားဖြင့်တည်ဆောက်ရခြင်းဖြစ်သည်။ လူငယ်တိုင်းသည် နိုင်ငံကိုဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်ကိုအကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ဗလငါးတန်ပြည့်စုံသည့် ပညာတတ်လူရည်ချွန် လူရည်မွန်များပေါ်ထွက်လာအောင် လူငယ်ကဏ္ဍနှင့်ပညာရေးကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

လူငယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာအတတ်ပညာပြည့်ဝရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးမည့်သူများဖြစ်ကြရမည်။ **အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်မိမိတို့နိုင်ငံ၏ကောင်းမြတ်သည့်အစဉ်အလာနှင့်ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝတောတောင်ရေမြေများ၊ သယံဇာတအရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။** အနှစ်ချုပ်ဆိုရသော် လူရည်ချွန်မောင်မယ်များအနေဖြင့် အများက လေးစားရမည့်စံပြလူငယ်အဖြစ် ထာဝစဉ်ရပ်တည်နိုင်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို မေလ ၁၀ ရက်အထိ ဆက်လက်ဖွင့်လှစ်ပြသမည်

ရန်ကုန် မေ ၆

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ဧပြီလ ၃၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြည်ညိုနိုင်ရန်အတွက် မေလ ၁၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသထားရှိမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး)သင်တန်းဖွင့်လှစ်

ပဲခူး မေ ၆

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး)သင်တန်း အမှတ်စဉ် ၁/၂၀၂၆-၂၀၂၇ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် ကောက်စိုက်စက်မောင်းနှင်ထိန်းသိမ်းခြင်းပညာရပ်များကို စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြားသွားမည်ဖြစ်သောကြောင့် စိုက်ပျိုးရေးကဏ္ဍအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ သင်တန်းမှတတ်မြောက်လာသည့်အတတ်ပညာများကို လက်ဆင့်ကမ်းမျှဝေပေးခြင်း၊ လက်တွေ့အသုံးချခြင်းဖြင့် ရပ်ရွာဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်၏ လယ်ယာထုတ်ကုန်တိုးတက်မြင့်မားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်း၌ စာတွေ့သင်ကြားမည့် ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ လယ်ယာသုံးစက်ကိရိယာ အသိပညာပေးစာဆောင်များနှင့် သင်တန်းတွင် လက်တွေ့မောင်းနှင်အသုံးပြုသင်ကြားမည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ကြည့်ရှုအားပေးသည်။

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး)တောင်သူသင်တန်းအမှတ်စဉ် ၁/၂၀၂၆-၂၀၂၇ သို့ ပဲခူးတိုင်းဒေသကြီးမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၅၀၊ ဧရာဝတီတိုင်းဒေသကြီးမှတစ်ဦးနှင့် နေပြည်တော်မှနှစ်ဦး စုစုပေါင်း သင်တန်းသား ၅၃ ဦး တက်ရောက်ကြပြီး လက်သုံးကိရိယာ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ထွန်စက်ကြီး၊ ထွန်ယက်ကိရိယာများ၏ အခြေခံသဘောတရားနှင့် ထွန်ယက်နည်းများကို စာတွေ့/လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

## ထူးခြားသည့်နေ့အပူချိန်များ

၆-၅-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၄၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | တောင်တွင်းကြီး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | တောင်ငူ | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | ဖောင်းတူ | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၄၅ | ဓမ္မပူဇာတေး |
| ၃။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် |
| ၄။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် |
| ၅။ | ၁၂:၁၅ | လေးစားအတုယူ စံနမူနာရဲကောင်းများ |
| ၆။ | ၁၃:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၄:၁၅ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၈။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း အချစ်ဆုံးသူရဲ့ရင်မှာ (ဒုတိယပိုင်း) သရုပ်ဆောင်-ပြေငြိမ်း၊ ရဲအောင်၊ မေဆွိ ဒါရိုက်တာ-အောင်မြင့်မြတ်** |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်းအသီးသီးသို့ စတင်ထွက်ခွာ ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်



Grade-10 လူရည်ချွန်မောင်မယ်များ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘင်ခရာတပ်ဖွဲ့နှင့်ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြစဉ်။ **စိုင်းအယ်ဘဲ**



Grade-11 လူရည်ချွန်မောင်မယ်များ ငွေဆောင်လူရည်ချွန်စခန်းသို့ရောက်ရှိရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြစဉ်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




Grade-9 လူရည်ချွန်မောင်မယ်များ ပြင်ဦးလွင်လူရည်ချွန်စခန်းသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများကကြိုဆိုကြစဉ်။ **ခရိုင်(ပြန်/ဆက်)**



ပထမနှစ်နှင့်ဒုတိယနှစ်လူရည်ချွန်မောင်မယ်များ ချောင်းသာလူရည်ချွန်စခန်းသို့ရောက်ရှိရာ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြစဉ်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**နေပြည်တော် မေ ၆**

နေပြည်တော် လူရည်ချွန်အပန်းဖြေစခန်းတွင် ရောက်ရှိနေသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၉၉ ဦးသည် အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများ၊ အသံလွှင့်လုပ်ငန်းများနှင့် စိန်ရတုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များကို ကြည့်ရှုလေ့လာကြသည်။

အလားတူ ပြင်ဦးလွင်လူရည်ချွန်စခန်းကိုအခြေပြု၍ ဒေသန္တရဗဟုသုတများ လေ့လာကြမည့် နဝမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၉၆ ဦးနှင့် အုပ်ချုပ်သူ ဆရာ၊ ဆရာမ ၁၈ ဦးသည် နေပြည်တော်စုရပ်စခန်းမှ ပြင်ဦးလွင်သို့ ထွက်ခွာကြပြီး မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ လူရည်ချွန်အပန်းဖြေစခန်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ပန်းစည်းများဖြင့်လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့ပြင် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် ၂၀၂၆ ခုနှစ် Grade-10 လူရည်ချွန်ကျောင်းသားမောင်မယ် ၁၃၂ ဦး၊ ကြီးကြပ်ဆရာ၊ ဆရာမ ၁၈ ဦးသည် ရှမ်းပြည်နယ် ကလောမြို့သို့ရောက်ရှိရာ ကလောခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘင်ခရာတပ်ဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများက သောင်းသောင်းဖြဖြကြိုဆိုကြပြီး မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းသို့ ရောက်ရှိလာရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဘင်ခရာတပ်ဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တိုင်းရင်းသားရိုးရာ အကအလှများဖြင့်လည်းကောင်း၊ အိုးစည်ဗုံမောင်းများ တီးမှုတ်၍လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့အတူ ရေဝတီတိုင်းဒေသကြီး ငွေဆောင်လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် Grade-11 လူရည်ချွန်မောင်မယ် ၁၃၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ချောင်းသာလူရည်ချွန်စခန်းတွင်အခြေပြုပြီး ဒေသန္တရဗဟုသုတများရှာဖွေကြမည့် ပထမနှစ်လူရည်ချွန်မောင်မယ် ၁၄၈ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒုတိယနှစ် လူရည်ချွန်မောင်မယ် ၁၄၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦးတို့အား ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(ပြန်/ဆက်)

# ကျိုက်လတ်မြို့ မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံအရောင်းဆိုင်များအား ကုန်ပစ္စည်းများအရည်အသွေးပြည့်မီရေး လိုက်လံစစ်ဆေး

ကျိုက်လတ် မေ ၆

ရေဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့ မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံအရောင်းဆိုင်များအား ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေး လိုက်လံစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမိုးမင်းသန်းက မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံအရောင်းဆိုင်များ၌ ရောင်းချနေသောကုန်ပစ္စည်းများတွင် စားသုံးသူကာကွယ်ရေးဥပဒေအရ သတ်မှတ်ထားသော ကုန်အညွှန်းအမှတ်အသားများ ဖော်ပြထားသည့်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိ၊ ကုန်စည်အညွှန်းများတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ တခြားဘာသာဖြင့် တွဲလျက်ဖြစ်စေ ဖော်ပြခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်းနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ထားသော အချက်ခုနစ်ချက်ကိုလိုက်နာကြရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စစ်ဆေးရန်ကျန်ရှိနေသော မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိ အလှကုန်ဆိုင်၊ ကုန်မျိုးစုံဆိုင်၊ စတိုးဆိုင်များအား အလှည့်ကျကွင်းဆင်းစစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

**တစ်အိမ်လုံးတွင် မည်သူမျှမရှိချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။**

# ကမ္မဖလ

တင့်တယ်



**ယမန်နေ့မှအဆက်**

ဤသို့ မျှော်လင့်ချက်တွေ ဝေလျှံ၍နေသည်ကို ကံတရားသည် ဘယ်ချောင်ကြားမှ ချောင်းကြည့်ကာ ပြုံးနေမည်မသိပေ။ ပွဲတော်ရက် အဆူဆုံးအစည်ဆုံး ဖြစ်သော လဆန်း ၁၄ ရက်နေ့၌ ကျွန်ုပ်၏မိခင်မှာ လက်တွင် ဓားခုတ်မိလေတော့သည်။

မိခင်သည် ငါးပေါင်းကြော်ကြော်ရန် ထင်းစည်းများကိုလည်း ဝယ်ပါ၏။ သို့သော် တစ်ပြားသက်သာ သက်သာ၊ သက်သာစေတော့ဟူသောသဘောဖြင့် လမ်းဘေး၌ ခြောက်သွေ့ကြွေကျနေသော အုန်းလက်ကြီးတစ်လက်ကို ညနေပိုင်းဆိုင်ခင်းရန်အလာတွင် ကောက်ခဲ့ပေသည်။ ထိုအုန်းလက်ကို တခြားထင်းကောင်းများနှင့်ဖက်၍ မီးစိုက်လျှင် ပိုက်ဆံပေး၍ ဝယ်ရသော ထင်းကောင်းများ အကုန်သက်သာမည် ဟူသောသဘောဖြင့် အုန်းလက်ကို ထင်းဖြစ်အောင် ခုတ်ရင်း လက်ကိုခုတ်မိရှာခြင်းဖြစ်၏။

ဓားဒဏ်ရာမှာ အတော်ပင်ပြင်းထန်၏။ အရိုးသို့ ပင်ထိ၏။ သို့သော် ငါးပေါင်းကြော် အလွန်အမင်း တွင်ကျယ်နေသော အချိန်ကောင်းတွင်ဖြစ်နေသောကြောင့် မိခင်သည် ဒဏ်ရာကိုပင် နာရမှန်းမသိ သလောက်ဖြစ်လျက် သွေးဆေးနှင့်သာ သိပ်ပြီးလျှင် ငါးပေါင်းကြော်ဒယ်အိုးထဲ၌ ထည့်ခါစ ငါးပေါင်းကြော်တို့မှ အမြှုပ်တဖွားဖွားထ၍နေသည်ကို အမြှုပ်အဖြစ်ဖြင့်မမြင် ငွေဒင်္ဂါးတွေဟုသာ မြင်လျက် တစ်ဈေးလုံး၏ငါးပေါင်းကြော်လက်ကားကြီးဖြစ်လျှင်... ဟူသော စိတ်ကူးကိုသာ အတွင်သားယဉ်လျက်ရှိပေတော့သည်။

သဲပုံစေတီကို ဒီရေတိုက်သောအခါ၌ ပြိုကျခဲ့ ပြိုရသလို ကျွန်ုပ်၏မိခင် စိတ်ကူးယဉ်၍ ဆောက်နေရှာသော လေထဲကတိုက်အိမ်ကလေးမှာလည်း ပြားခဲ့ကျသွားရရှာ၏။ ပွဲတော်ရက်များအတွင်းတွင် ဓားဒဏ်ရာကို တော်ရုံသာဂရုစိုက်လျက် မီးပူခံကာ ညှော်ဝငကြီးရှူခဲ့ရသော မိခင်သည် ငတ်တစ်လှည့် ပြတ်တစ်လှည့် ဘဝကံကြမ္မာချွတ်ယွင်းခဲ့သည်ကြောင့် တစ်ကြောင်း၊ စိတ်နှလုံးချုံးချုံးကျ၍ မတ်တတ်နာဝေဒနာရှင်သဖွယ် စိတ်အားငယ်၍ သွေးအားပါငယ်သောကြောင့်တစ်ကြောင်း ပွဲတော်ကြီး အပြီးသတ်၍ ရေ့မျှော်လင့်ချက်နှင့်ဇောကို အတန်ငယ်လျှော့လိုက်သည့်ခဏ၌ အနာဝင်ကာ ငန်းဖမ်းလျက် အိပ်ရာတွင် လဲရှာသောအခြေသို့ ရောက်ရှာလေတော့သည်။

သူ၏မျှော်လင့်ချက်အုတ်မြစ်ဖြစ်သော ငါးပေါင်းကြော်လက်ကားဘဝကို ငန်းဖမ်းရာမှ ယောင်ယမ်းပြောဆိုရှာသည်ကို ယခုအထိ ကျွန်ုပ်၏နား၌ ကြား၍နေပေသေးသည်။

"ငါ့သားကလေး...မုန့်ပျားသလက်ကို ထမင်းလုပ်ပြီး မစားရတော့ပါဘူးကွယ်...၊ မေမေတို့ ချမ်းသာပါတော့မယ်...၊ သားကို အင်္ဂလိပ်စာသင်ပေးမယ် ဟုတ်လား..." စသည်ဖြင့် ကယောင်ကတမ်းပြောသံများကို ကျွန်ုပ် နားလည်တတ်သောအရွယ်ဖြစ်သည့်အတိုင်း မချိမဆံ့ကြားခဲ့ရပေသည်။ ကံတရား၏ ပြောင်လှောင်ချက်ကား ပြင်းထန်လှတော့၏။

ဤကဲ့သို့ မိခင်အနာဝင်၍ ငန်းဖမ်းနေသောအခါ၌ အထည်သည်လင်မယားနှင့် ကူဖော်အဒေါ်ကြီးသည် နေ့ညမပြတ် လာ၍စောင့်ရှောက်ရှာကြ၏။ ကျွန်ုပ်၏ အဘိုးရှိရာသို့လည်း စာပေး၍တစ်မျိုး၊ လူကြုံနှင့်တစ်ဖုံ အကြောင်းကြားကြ၏။ သို့သော် စကားပြန်ဖော်မှ မရပေ။

မြန်မာဆေးအမျိုးမျိုးတို့ဖြင့် ကုသကြ၏။ ဒဏ်ရာကား ခြင်ဆီကိုပင် ပေါက်သဖြင့် ဆေးမတိုးနိုင်ပေ။ နောက်ဆုံး၌ မိခင်သတိလစ်နေသောအခါတွင် ကုလားဆရာဝန်ကို ခေါ်ကြရ၏။ ဆရာဝန်မှာ ထိုခေတ်က ငွေများများပေးနိုင်မှ စိတ်လိုလက်ရကုသကြပေရာ ကျွန်ုပ်တို့သားအမိကဲ့သို့သော မျက်နှာမွဲတို့အား အဘယ်သို့လျှင် ဂရုတစိုက်ကုသပါမည်နည်း။ ကျေးဇူးရှင်အထည်သည်လင်မယားတို့လည်း တတ်နိုင်သမျှ ငွေကြေးစိုက်ထုတ်၍ အကုန်ခံကြပါပေသည်။ သို့သော် ကုလားဆရာဝန်လိုသလောက်ကား မတတ်နိုင်ကြရှာ။ ထို့ကြောင့် ကျွန်ုပ်၏အဘိုး ဦးနကီနှင့် ကျွန်ုပ်၏ဦးလေး ဦးဒေါနထံသို့ (လူမလာလိုကနေပါ၊ စာရလျှင် ငွေထောက်ပါမှ မစောလှအသက်ချမ်းသာမည်) ဟု လူတစ်ယောက်ကို စရိတ်ကုန်ခံကာ လွှတ်ပေးလိုက်ကြပါ၏။ သို့သော် ထိုစာကို အပို့သွားသူကိုပင် လိုလိုချင်ချင်လက်ခံ၍ မတွေ့ကြဘဲ နောက်ဆုံးတွင်မှ စေတနာကား ရွေးမျှမပါ အရပ်ကဝိုင်း၍ တိုက်တွန်းကြသဖြင့် ငွေတစ်ရာထုတ်၍ ပေးလိုက်ပေသည်။

သို့သော် ထိုငွေတစ်ရာ ကျွန်ုပ်တို့မြို့ကလေးသို့ ရောက်လာသောအခါ၌ ကျွန်ုပ်၏မိခင်မှာ သေငယ်ဇောဖြင့် မြော၍နေပါပြီ။ ငွေတစ်ရာကိုထားဘိဦး၊ အဘိုးဦးနကီ၏ စည်းစိမ်တစ်ခုလုံးကို ပုံ၍ပေးလျှင်ပင် ကျွန်ုပ်၏မိခင်အား သေမင်း၏လက်မှ ပြန်၍လုရန် ခဲယဉ်းပြီဖြစ်ရကား အချိန်နှောင်းတော့ပြီဖြစ်၏။

ပွဲတော်ချိန်ပီပီ တခြားမြို့များသို့ကူး၍ ဈာတ်ကနေသော ကျွန်ုပ်၏ဖခင်လည်း မိခင်အသည်းအသန်ဖြစ်သောသတင်းကို နှစ်ကြိမ်ပို့မှ သုတ်သီးသုတ်ပျာ ပြန်၍လာ၏။ သို့သော် သူသည်လည်း ရောက်ချိန်နှောင်း၍နေလေပြီ...။

ကုလားဆရာဝန်သည် ငွေတစ်ရာကို လက်ခံ၍ အမျိုးမျိုးသောကုနည်းများဖြင့်ကု၏။ ဤသို့သော ကုနည်းများဖြင့်သာ ခပ်စောစောက ကုသပါက ကျွန်ုပ်၏မိခင်မှာ ရေတိမ်တွင် နစ်ရရှာမည်မဟုတ်၊ ယခုမူကား ငွေတစ်ရာကို ရယူလိုသဖြင့် လွန်နေပြီးသော ဝေဒနာရှင်ကို ဇွတ်ကုကာ ငွေလိမ်ယူသည်ဟုသာ ကျွန်ုပ် ယူဆမိပေတော့သည်။

ကျွန်ုပ်၏မိခင်သည် အနိစ္စမရောက်မီကလေး၌ သတိအနည်းငယ်လည်၍ လာသေး၏။ သို့သတိလည်၍လာခြင်းမှာ နောက်ဆုံးမီးတောက်ပမာ မီးသေခါနီးတွင် ထ၍တောက်သလို ဝိညာဉ်အား ဟုတ်ခနဲပွင့်ကန်ခြင်းဖြစ်၏။ သတိလည်လာသည်နှင့်တစ်ပြိုင်နက်ပင် ယဲ့ယဲ့ကလေးဖြင့် "သား...သား လိမ်လိမ်မာမာ နေနော်၊ မင်းကြီးရင် ရွှေမန်းကျည်းတောင့်တွေကို တောင်းနော် ဟုတ်လား..." ဟု အသံသဲ့သဲ့ကလေးဖြင့် ပြောရှာ၏။ ကျွန်ုပ်ကား ကလေးငယ်ပီပီ ငိုယိုဖို့သာ တတ်နိုင်လေတော့သည်။ မိခင်၏နောက်ဆုံးစကားများကား အသည်းနှလုံးတွင် ဆောက်နှင့်ထွင်းသကဲ့သို့ စွဲမြဲသွားခဲ့၏။

မိခင်သည် ထိုညသန်းခေါင်ကျော်၌ ကံတရားက ဇွတ်ဆွဲ၍ခေါ်ကာ သေမင်း၏လက်သို့ အပ်ခြင်းကို မလွန်ဆန်သာဘဲ လိုက်ပါသွားရရှာ၏။ မိခင်၏ နောက်ဆုံးကြိုးပမ်းမှုဖြစ်သော ငါးပေါင်းကြော်ကိရိယာအားလုံးကိုရောင်း၍ အသုဘကိစ္စကို စီစဉ်လိုက်ကြရပေသည်။ ကံဆိုးလှရှာသူမိခင် ရေတိမ်တွင်နစ်ရသော ဤအဖြစ်အပျက်သည်ကား တတိယအကြိမ် ကံတရားက ကျွန်ုပ်၏နုနယ်သေးကွေးအရည်မတည်သေးသောကလေးစိတ်ကို ကောက်ကွေးအောင် အဓမ္မဖန်တီးခဲ့သောအဖြစ်အပျက်ပင် ဖြစ်ချေတော့သည်။

■ ■ ■ ■ ■

**ကျောင်းသားဘဝ**

လောကအလယ်၌ မျက်နှာငယ်တစ်ကောင်ကြွက်အဖြစ် ကျန်ရစ်ခဲ့ရသော ဤအချိန်တွင် ကျွန်ုပ်သည် အသက်ခြောက်နှစ်အရွယ်မျှသာ ရှိလေသေးသည်။ ကျွန်ုပ်၏ဖခင်မှာလည်း ကျွန်ုပ်၏မိခင်သေဆုံးခါစ၌ ကျွန်ုပ်အား ဂရုစိုက်သယောင်ရှိသေး၏။ သို့သော် မကြာမီပင် သူနှင့် ဖောက်လှဲဖောက်ပြန်ဖြစ်နေခဲ့သော ယိမ်းသမကို ထင်ထင်ပေါ်ပေါ်ယူလိုက်တော့ပေရာ ကျွန်ုပ်မှာ ဖခင်ကိုလည်း ခိုကိုးရာမမြင်၊ ဆွေမျိုးဉာတိ ကျိုကျိုတက်ချမ်းသာသူတို့ ရှိပါလျက်နှင့်လည်း အဆက်အသွယ်ပြတ်ကင်း သားချင်းပေါက်ဖော်တစ်အူထုံ့ဆင်းလည်း ကင်းမဲ့လေရကား ကျွန်ုပ်မှာ မြန်မာခိုကိုးရာမဲ့ကလေးများ၏ ခိုလှုံရာအရိပ်ဆာယာဖြစ်သော သာသနာ၏မြထီးရွက်အောက်သို့ ဝင်ရောက်ခိုလှုံရပေတော့သည်။

ကျွန်ုပ်တို့မြို့ကလေးရှိဘုန်းကြီးကျောင်း၌ ကျေးဇူးရှင်အထည်သည်လင်မယားတို့က ထာဝစဉ်ကျောင်းသားအဖြစ်ဖြင့် အပ်နှင်းပေးကြပေသည်။ ကျွန်ုပ်အားလက်ဦး၌ သူတို့ကပင် မွေးစားလိုကြပေသေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

## တွံတေးမြို့နယ်၌ မြေဩဇာများကို အမျိုးအစားမှန်ကန်မှုရှိ မရှိနှင့် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရှိ မရှိ ကွင်းဆင်းစစ်ဆေး



ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် မြေဩဇာဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးကော်မတီမှ မြေဩဇာများအား အမျိုးအစားမှန်ကန်မှု ရှိ၊ မရှိနှင့် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မေလ ၆ ရက်တွင် တွံတေးမြို့နယ်အတွင်းရှိမြေဩဇာရောင်းချသောဆိုင်များ၌ ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းထက်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မြင့်အောင်နှင့်အဖွဲ့များက ပါဝင်ဆောင်ရွက်ကြပြီး ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာရောင်းချခွင့်လိုင်စင်များ အချိန်မီသက်တမ်းတိုးဆောင်ရွက်နိုင်ရန်၊ တရားမဝင်ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ သယ်ယူရောင်းချခြင်းမပြုလုပ်ရန်၊ အမှန်တကယ်အသုံးပြုမည့် တောင်သူများထံသာ စိစစ်ရောင်းချရန်နှင့် ရောင်းချမှုမှတ်တမ်းများကို စနစ်တကျသိမ်းဆည်းထားရန် ရှင်းလင်းပြောကြားကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

## ပင်လောင်းမြို့နယ် တောင်လေးကျေးရွာ၌ ဘောလုံးသင်တန်းဖွင့်ပွဲကျင်းပ

ပင်လောင်း မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လိန်းညားကျေးရွာအုပ်စု တောင်လေးကျေးရွာ၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဘောလုံးသင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းရီရီဝင်းက ဘောလုံးသင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းရီရီဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်းနောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းရီရီဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်းနောင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်ငွေတို့က အားကစားအထောက်အကူပြုပစ္စည်းများ၊ နည်းပြဝတ်စုံများ၊ အားကစားဝတ်စုံများနှင့် ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး အဆိုပါသင်တန်းကို မေလ ၂၂ ရက်အထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# ရက်(၁၀၀) စီမံချက်ဖြင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ပြည်သူလူထုအတွက် ချမှတ်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဇေယျာသီရိ မြို့နယ်မှမဲဆန္ဒရှင် ပြည်သူများနှင့် ယနေ့နံနက်ပိုင်းတွင် မအူတောကျေးရွာအုပ်စု၊ စိမ်းစားပင်ကျေးရွာ သုခရတနာကျောင်းတိုက်ဓမ္မာရုံ၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ယခုကဲ့သို့ ဇေယျာသီရိမြို့နယ်ရှိ ဒေသခံပြည်သူများအား တွေ့ဆုံရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒရှင်ပြည်သူများက မဲပေးရွေးချယ်တင်မြှောက်ထားသည့်ပြည်သူ့ကိုယ်စားလှယ်များပေါင်းစည်းထားသည့်နေရာဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအားကိုးအားထားပြုရမည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူတစ်ရပ်လုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဂုဏ်သိက္ခာရှိစွာဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နေထိုင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်သူများအကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် လက်ရှိပြဋ္ဌာန်းထားရှိသောတည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ အမြန်ဆုံးပြန်လည်သုံးသပ်ပြီးပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြန်လည်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွှတ်တော်၏လုပ်ငန်းစဉ်များကို သိရှိနားလည်စေရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့ပြင် လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်"ဆိုသည့်အတိုင်း မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒများနှင့်လိုလားချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူများ၏အသံကို နိုင်ငံတော်အစိုးရထံ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရက်(၁၀၀) စီမံချက်ဖြင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ပြည်သူလူထုအတွက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ်တွင်လည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များရှိပါက လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်အစိုးရထံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံမဲဆန္ဒရှင်ပြည်သူများက လျှင်ကြောင့် ပျက်စီးခဲ့သည့်စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်ပေးနိုင်ရေး၊ ကျေးရွာတွင်းနှင့် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းများခင်းပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးအတွက် စက်သုံးဆီရရှိရေးတို့နှင့်စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုတင်ပြချက်များကို မှတ်တမ်းတင်ထားရှိပါကြောင်း၊ လက်တလောဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကွင်းဆင်းစစ်ဆေး၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအား နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း နေပြည်တော် လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း တွေ့ဆုံ

**နေပြည်တော် မေ ၆**

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ဒွါဒသမတန်း လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Royal President Hotel ၌ ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း နေပြည်တော် လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက မြန်မာနိုင်ငံ၌ရှိသည့် အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိ လူဦးရေသန်းပေါင်း ၁၆ သန်းကျော်သည် လူငယ်များဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုအခမ်းအနားသို့ တက်ရောက်လာကြသူများသည် တိုင်းပြည်၏ ခွန်အားများဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်၍ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေကြောင်း။

မိမိနေရပ်သို့ ပြန်ရောက်သည့်အခါ နိုင်ငံတော်အတွက် အကျိုးပြုလုပ်ငန်းများတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ မိမိတို့တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ပြီး နိုင်ငံ၏အားထားရာ၊ နိုင်ငံ၏မျှော်လင့်ချက်၊ မြန်မာ့လူ့အဖွဲ့အစည်းတိုးတက်စေရန်နှင့် နောင်မျိုးဆက်များက မှတ်တမ်းတင်နိုင်ပြီး နိုင်ငံအတွက်တန်းဖိုးရှိသည့် အနာဂတ်ခေါင်းဆောင် လူရည်ချွန်များ၊ လူတော်လူကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ Grade-9 ပြင်ဦးလွင် လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၉၆ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ Grade-10 အင်းလေး လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၁၃၂ ဦးနှင့်ကြီးကြပ်သူ ၁၈ ဦး၊ Grade-11 ငွေဆောင် လူရည်ချွန်စခန်းတွင် လူရည်ချွန် မောင်မယ် ၁၃၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒွါဒသမတန်း နေပြည်တော် လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၉၉ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ချောင်းသာ လူရည်ချွန်စခန်းတွင် ပထမနှစ် လူရည်ချွန်မောင်မယ် ၁၄၈ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒုတိယနှစ် လူရည်ချွန်မောင်မယ် ၁၄၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး တို့ကို ဒေသန္တရဗဟုသုတများ လေ့လာမှတ်သားနိုင်စေရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြမည့် အနာဂတ်ခေါင်းဆောင်လူတော်လူကောင်းများ ဖြစ်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူရည်ချွန်စခန်း ၅ ခုတွင် လေ့လာရေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြဝတီ

## ၆-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi နှင့်အတူ စစ်ရေယာဉ် INS Satpura (F-48)ပေါ်တွင်ကျင်းပပြုလုပ်သည့် ညစာစားပွဲသို့တက်ရောက်

နေပြည်တော် မေ ၆

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi နှင့်အတူ မေလ ၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်း၊ MITT တံတား၌ ဆိုက်ကပ်ထားသည့် အိန္ဒိယစစ်ရေယာဉ် INS Satpura (F-48) ပေါ်၌ကျင်းပပြုလုပ်သည့်ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယကြည်းတပ်စစ်သံမှူး Colonel Jaswinder Singh Gill၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယရေတပ်စစ်သံမှူး Captain Manoj Kumar Pandey နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးသည် စစ်ရေယာဉ် INS Satpura (F-48)ပေါ်သို့ ရောက်ရှိလာရာ စစ်ရေယာဉ်တာဝန်ကျတပ်ဖွဲ့က ကြိုဆိုအလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် စစ်ရေယာဉ်ပေါ်မှ အရာရှိ၊ စစ်သည်များက အိန္ဒိယယဉ်ကျေးမှုရိုးရာအဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathiနှင့် အခမ်းအနားတက်ရောက်လာကြသူများ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် အိန္ဒိယသံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကားများအသီးသီးပြောကြားကာ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)တို့သည် အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး ညစာကိုအတူတကွသုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးသည် စစ်ရေယာဉ် INS Satpura (F-48)ပေါ်ရှိဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ်အတွင်း မေလ ၂ ရက်တွင် သန်လျင်တပ်နယ်ရှိ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး နယ်မြေခံရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးနှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့်အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM,AVSM,NM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်သည်။ ဆက်လက်ပြီး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သန်လျင်တပ်နယ်ရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အဆိုပါရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ Small Arm Simulator အား အိန္ဒိယရေတပ်ဦးစီးချုပ်က ဖွင့်လှစ်ပေးပြီး သမိုင်းဝင်စစ်ရေယာဉ်(မေယု)သို့သွားရောက်ကြည့်ရှုလေ့လာကြကာ အမှတ်တရသစ်ပင်စိုက်ပျိုးသည်။

အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေလ ၃ ရက်တွင် အင်းလေးဒေသရှိ ဖောင်တော်ဦးဘုရားသို့သွားရောက်ဖူးမြော်လေ့လာခြင်း၊ ရိုးရာရက်ကန်းရက်လုပ်နေမှုများအားလေ့လာခြင်းနှင့်အင်းလေးကန်၌ လှည့်လည်ကြည့်ရှုလေ့လာခြင်းတို့ ဆောင်ရွက်ကြပြီး နေပြည်တော်သို့ရောက်ရှိကြပြီး နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မေလ ၄ ရက်တွင် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်၍ နိုင်ငံတော်နှင့်တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြသည့်တပ်မတော်သားများအတွက် ဂုဏ်ပြုပန်းခြင်းချ အလေးပြုကြသည်။ ထို့နောက် ဘုရင့်နောင်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တွေ့ဆုံ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီးနောက် နှစ်ဖက်အပြန်အလှန်မိတ်ဆက်ခဲ့ကြပြီး နှစ်နိုင်ငံရေတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးကြသည်။ ယင်းနောက် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်သို့သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်း ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura (F-48)နှင့် INS Sunayna(P-57)တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားမှပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura(F-48)နှင့် INS Sunayna(P-57)တို့အား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်မှစစ်ရေယာဉ် INS Satpura(F-48)နှင့် INS Sunayna(P-57)တို့ ပြန်လည်ထွက်ခွာစဉ်။

အဆိုပါစစ်ရေယာဉ်များတွင် လိုက်ပါလာသည့်အရာရှိ၊ စစ်သည်များသည် မေလ (၄)ရက်မှ ယနေ့အထိခရီးစဉ်ကာလအတွင်း ရန်ကုန်မြို့ရှိအထင်ကရနေရာများသို့ လေ့လာရေးခရီး လည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် MEVM မဲပေးစက်များ ထိန်းသိမ်းထားသိုရာနေရာများ ကြည့်ရှုစစ်ဆေး

ပုသိမ် မေ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် MEVM မဲပေးစက်များကို MEVM ထိန်းသိမ်းရေးဆိုင်ရာကြီးကြပ်ရေးအဖွဲ့များနှင့်အတူ ထိန်းသိမ်းထားသိုရာနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမ(၂)၌ MEVM ကြီးကြပ်ရေးအဖွဲ့များနှင့်တွေ့ဆုံ၍ MEVM စက်များကို ထိန်းသိမ်းခြင်း၊ မီးဘေးလုံခြုံရေး၊ ရေဘေး၊ ပိုးမွှားဖျက်ဆီးမှုအန္တရာယ်မရှိစေရေးနှင့် MEVM ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန်ပါ အချက်များဖြစ်သော အီလက်ထရောနစ်မဲပေးစက်စစ်ဆေးခြင်း၊ မဲပေးစက်များထားသိုခြင်း၊ ဘက်ထရီထားသိုခြင်း အရေးထားဆောင်ရွက်ကြရန်နှင့် စစ်ဆေးပြီးစီးမှုများကို ကော်မရှင်သို့တင်ပြရန်၊ MEVM များဖြင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကို မဲမသမာမှုမရှိ ပွင့်လင်းမြင်သာ တိတိကျကျမှန်မှန်ကန်ကန် ဆောင်ရွက်ခဲ့သည့် နမူနာကောင်းများကို ပြသပြီးဖြစ်သဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ဆက်လက်အသုံးပြုနိုင်ရေးထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၇-၅-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင်မြန်မာသံစဉ်

၂။ ၁၀:၀၀ Internet Pages

၃။ ၁၄:၃၀ Live For You

၄။ ၁၇:၀၀ အနုပညာခရီးလမ်း

၅။ ၁၈:၂၀ Thazin Request Song

၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ မိုးရာသီနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတူဒီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"မိုးရွာမှာကိုစောင့်နေတယ်"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် (၈–၅–၂၀၂၆) ရက်(သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၈–၅–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "မိုးရွာမှာကိုစောင့်နေတယ်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မျက်ရည်မိုး | ပြင်ပအဆိုရှင် |
| ၂။ | ဒီရေ ဒီလှေ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | မိုးသည်းထဲမှာ | ပြင်ပအဆိုရှင် |
| ၄။ | မိုးရွာမှာကိုစောင့်နေတယ် | ပြင်ပအဆိုရှင် |
| ၅။ | ငယ်သူမို့ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ခတ်ပြားဟောင်းတစ်ချပ် | ဌာနအဆိုရှင် |
| ၇။ | မိုးသည်းတိုင်းလွမ်းတယ် | ပြင်ပအဆိုရှင် |
| ၈။ | ခွင့်လွှတ်တယ် | ပြင်ပအဆိုရှင် |
| ၉။ | ကျောင်းဖွင့်ချိန် | ဌာနအဆိုရှင် |
| ၁၀။ | အချစ်မိုး | ပြင်ပအဆိုရှင် |

# ပြည်ပနိုင်ငံများသို့ ရေငန်ထွက်ကုန် ၇၀ ရာခိုင်နှုန်းနှင့် ရေချိုထွက်ကုန် ၃၀ ရာခိုင်နှုန်း တင်ပို့လျက်ရှိ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်များတင်ပို့ရာတွင် ရေငန်ထွက်ကုန် ၇၀ ရာခိုင်နှုန်းနှင့် ရေချိုထွက်ကုန် ၃၀ ရာခိုင်နှုန်း တင်ပို့လျက်ရှိကြောင်း ၂၀၂၃–၂၀၂၄ ရေလုပ်ငန်းထုတ်ကုန်စာရင်းဇယားများအရ သိရသည်။

ထိုသို့တင်ပို့ရာ၌ ငါး/ပုစွန်များကို ဥရောပနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၂ နိုင်ငံသို့ တင်ပို့လျက်ရှိရာ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်၌ အဆိုပါနိုင်ငံများသို့ ရေထွက်ကုန် မက်ထရစ်တန် ၅၂၂၅၆၅ ဒသမ ၈၁၄ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၂၉ ဒသမ ၄၂၂ သန်းရရှိခဲ့ကြောင်း အဆိုပါဘဏ္ဍာရေးနှစ်စာရင်းအရ သိရသည်။

"ရေထွက်ကုန် ပြည်ပပို့ကုန် ၁၀၀ ရာခိုင်နှုန်းမှာ ရေငန်က ၇၀ ရာခိုင်နှုန်းနဲ့ ရေချိုက ၃၀ ရာခိုင်နှုန်း တင်ပို့နေပါတယ်။ လက်ရှိ နိုင်ငံပေါင်း ၄၂ နိုင်ငံကို တင်ပို့နေတာရှိတယ်၊ ပင်လယ်ပြင်မှာ ငါးသယံဇာတရှားလာတဲ့အပြင် ဒီနှစ်မှာ ထုတ်လုပ်စရိတ်မကိုက်ရင် ပင်လယ်ပြင်ဖမ်းဆီးရေးမထွက်ဖို့များတာကြောင့် ရေငန်ထွက်ကုန်ကျသွားနိုင်တယ်။ ဒါကြောင့် ပြည်ပနိုင်ငံတွေမှာ မွေးမြူရေးကဏ္ဍကို ဦးစားပေးလုပ်ဆောင်လာတာကို တွေ့ရမှာပါ။ ပြည်တွင်းမှာ ခေတ်မီမွေးမြူရေးဇုန်တွေ များများပေါ်လာရင် နိုင်ငံခြားဝင်ငွေပုံမှန်ရရှိလာမယ့်အပြင် ရေထွက်ကုန်ပြတ်လပ်မှုကိုလည်းကျော်လွှားနိုင်မှာပါ။ ခေတ်မီရေလုပ်ငန်းမွေးမြူရေးဇုန်တစ်ခုတည်ထောင်မယ်ဆိုရင် တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ နီးပါးရနိုင်ပါတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ဧက ၃၀၀၀ ကျော်ရှိသော ရေနက်ကွင်းတွင် ငါးတန်ကို ခေတ်မီနည်းပညာဖြင့် မွေးမြူထုတ်လုပ်လျက်ရှိရာ ခုနှစ်နှစ်အတွင်း ရောက်ရှိပြီဖြစ်၍ အမေရိကန်နှင့်တရုတ်နိုင်ငံတို့နှင့် ရေထွက်ကုန်တင်ပို့ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ရာ ယခုနှစ်တွင် စတင်တင်ပို့ရန် ပြင်ဆင်နေကြောင်း သိရသည်။

ခေတ်မီမွေးမြူရေးစနစ်တွင် ကန်တစ်ကန်အတွင်း ကောင်ရေ ၂၀၀၀၊ ၅၀၀၀ မွေးမြူမှုမှ ကောင်ရေ ၁၂၀၀၀၀ သို့ သိပ်သိပ်နည်းကျပြောင်းလဲမွေးမြူထုတ်လုပ်မှုဖြင့် တစ်ကန်လျှင် တန် ၁၂၀ ထွက်ရှိခြင်းသည် မွေးမြူရေးစနစ်တစ်ခေတ်ဆန်းသစ်ရန် အခွင့်အလမ်းများဖြစ်ရာ ခေတ်မီမွေးမြူသောစနစ်နှင့် ခေတ်မီထုတ်လုပ်သောစနစ်သည် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၏ ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။

ထိုသို့ မွေးမြူထုတ်လုပ်ရန် စီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းရန်လိုပြီး ရေထွက်ကုန်ဖြစ်စေ၊ ကြက်/ဘဲ/ဝက်ဖြစ်စေ မွေးမြူထုတ်လုပ်ခြင်းဖြင့် ရန်ကုန်တိုင်းတစ်တိုင်းလုံး စားသုံးနိုင်ရုံမက ပြည်ပသို့ တင်ပို့နိုင်သည်အထိ မွေးမြူနိုင်သောနေရာများစွာကျန်ရှိလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရေငန်ထွက်ကုန်စားသုံးမှုနည်းပြီး ရေချိုထွက်ကုန်စားသုံးမှုများ၍ ပြည်ပသို့ ရေငန်ထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိနေသည်။ သဘာဝဘေးအန္တရာယ်နှင့် ထုတ်လုပ်မှုစရိတ်မြင့်မားလာမှုသည် ရေချို ရေငန်ထွက်ကုန်ဖမ်းဆီးထုတ်လုပ်တင်ပို့မှုကို ထိခိုက်နိုင်မှုကြောင့် တစ်ချိန် ပင်လယ်ပြင်၌ ရေသယံဇာတပြတ်လပ်သွားချိန်၌ ရေချို/ရေငန် မွေးမြူရေးကဏ္ဍအသင့်ရှိနေခြင်းသည် ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေမပြတ်ရရှိစေမည်ဖြစ်ရာ ပင်လယ်ပြင်ကိုပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများအတွင်း ရေထွက်ပစ္စည်းပုံမှန်လည်ပတ်တင်ပို့နိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၅-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၁၅ | ၄၇၀၀ | ၄၆၄၀ | ၄၅၃၀ | ၄၇၀၀ | ၄၇၁၅ | ၄၇၆၅ | ၄၆၁၀ | ၄၇၆၅ | ၅၀၈၅ | ၄၆၃၅ | ၄၇၅၅ | ၄၇၃၅ | ၄၆၉၀ | ၄၆၉၀ | ၄၉၀၀ |
| 95 Ron | ၄၆၇၀ | ၄၈၆၀ | ၄၈၀၀ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၇၀ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၅၀ | ၄၈၅၀ | ၅၀၆၀ |
| HSD (500 ppm) | ၅၂၇၅ | ၅၄၅၅ | ၅၃၉၅ | ၅၂၉၀ | ၅၄၅၅ | ၅၄၆၅ | ၅၅၁၅ | ၅၃၆၅ | - | ၅၈၂၀ | ၅၃၉၀ | ၅၈၉၅ | ၅၄၉၀ | ၅၄၄၅ | ၅၄၄၅ | ၅၆၄၅ |
| HSD (50 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | ၆၇၀၅ | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |
| HSD (10 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၇၉ | ၄၃၉၉ |
| 95 Ron | ၄၄၃၃ | ၄၅၅၅ |
| HSD (500 ppm) | ၅၀၃၃ | ၅၁၆၃ |
| HSD (50 ppm) | ၆၁၆၀ | ၆၃၁၃ |
| HSD (10 ppm) | ၆၁၆၀ | ၆၃၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၃၁၁၃၇၇၂၊ ၀၉-၂၅၆၆၂၅၄၇၇

၀၆၇-၃၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)

ကြည်လွင်မြင့်(မုဒြာ)

**မေး။ ။ဆရာရှင့်။ ကျေးဇူးပြုပြီးဖြေကြားပေးပါရှင်။ အစာအိမ်က အမှားမခံဘူးဖြစ်နေပါတယ်။ မကြာခဏ အထက်လှန်အောက်လျှောဖြစ်တတ်ပါတယ်။ အမြဲလိုလို အစာမကြေဘဲ လေပွပြီး အထက်ဆန်ပါတယ်။ ခေါင်းတွေနောက်ပြီး မကြည်ပါ။ သမ်းဝေပါတယ်။ တစ်ခါတလေဆို အန်ချင်သလို၊ ဝမ်းသွားချင်သလိုနဲ့ နေရတာအဆင်မပြေဖြစ်ပါတယ်။ အဲဒီလို အချိန်ဆို အရေးပေါ်လေဆေးသောက်ရပါတယ်။ အဲဒီအခါမှ လေအောက်လှည့်သွားပြီး သက်သာလာပါတယ်။ အဲဒီလိုအစာအိမ်ပြဿနာဖြစ်နေရင် ကတုန်ကယင်နဲ့ ခြေလက်တွေမသယ်ချင်တော့ပါ။ နောက်တစ်ခုက အသားတွေလည်းယားပါတယ်။ နှာခေါင်းနားတစ်ဝိုက်က ပိုယားပါတယ်ဆရာကြီးရှင့်။ ကျေးဇူးပြုပြီး ဘယ်ဆေးသောက်သုံးသင့်လဲ ညွှန်ကြားပေးပါဆရာကြီးရှင့်။ အသက်က ၃၅ နှစ်ပါ။ ၂၂ နှစ်မှာ ကလေးမွေးပါတယ်။ ၂၄ နှစ်မှာ မျိုးဥတစ်ဖက်ပေါက်ထွက်လို့ ထုတ်ထားရပါတယ်ရှင်။ အလုပ်အကိုင်က ဈေးရောင်းပါတယ်။ ရန်ကုန်ကပါ။ ပြည့်စုံအောင်ပြောပြတာပါရှင်။**

**ဖြေ။** ။ အစာအိမ်ရောင်ရောဂါဖြစ်ချင်နေတာပါ။ အစာအိမ်ရောင်ရင် ထမင်းနဲ့ မာတဲ့အစာ ခဏရပ်ပြီး ဆန်ပြုတ်သောက်ပါ။ ဆန်လက်တစ်ဆုပ်နဲ့ ပဲရာဇာခေါ် ပဲနီလေးလက်တစ်ဆုပ်စာထဲကို ကြက်သွန်နီဥတစ်ဥထည့်ပြုတ်ပါ။ ထမင်းစားချင်ရင် နေ့လယ်စာတစ်နပ်ပဲ ပူပူနွေးနွေး နှမ်းဆီသင့်ရုံဆမ်းပြီးစားပါ။ အသားပြုတ်ကြော်၊ ငါးကြော်၊ ကြက်ဥကြော်၊ ပဲရာဇာဒါမှမဟုတ် ပဲစင်းငုံဟင်းချိုနဲ့စားပါ။ အကြော်အလှော် အကြွပ်ကြော်တွေမစားရပါ။ အပူအစပ်၊ လက်လုပ်ချဉ်တွေ လုံးဝမစားရပါ။ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်တွေ မစားရပါ။ ပျားရည်က အစာအိမ်နာကျက်ပါတယ်။ နံနက်အိပ်ရာထ၊ ညအိပ်ရာဝင် ပျားရည်တစ်ဇွန်းကို ရေအေးနဲ့သောက်ပါ။ တိုင်းရင်းဆေးအမှတ်(၁၆) အပူငြိမ်းဆေးနဲ့ ဆေးအမှတ်(၇)နွယ်ချိုကဲဆေး ဆတူရောစပ်ပြီး တစ်နေ့သုံးကြိမ်သောက်ပါ။ ညနေဘက်မှာ တိုင်းရင်းဆေးအမှတ်(၂)လေမျိုး ၈၀ ဆေးကို ရေနွေးနဲ့ရောက်ရည်စပ်သောက်ပါ။ ညအိပ်မပျော်ရင်၊ စိတ်ပူပင်သောကရှိရင်လည်း အစာအိမ်ရောဂါမပျောက်ပါ။

**မေး။ ။ဆရာကြီးရှင့်။ သွားပိုးစားတာသက်သာစေမယ့်နည်းများရှိပါသလားရှင့်။ ကလေးတွေမှာ သွားပိုးပေါက်တွေရှိနေလို့ပါ။ အချို့စားလည်းများကြလို့ပါရှင့်။**

**ဖြေ။** ။ သွားပိုးစား၊ သွားအခေါင်းပေါက်၊ သွားကိုက်ဖြစ်ရင် ခရေပွင့်အစိုကိုကြိတ်၊ သွားအခေါင်းပေါက်မှာသိပ်ပါ။ ပုဏ္ဏရိက်ပြုတ်ပြီးငုံပေးပါ။ ကြက်သွန်နီအလယ်ကအူတိုင်ကိုထုတ်ယူ၊ သွားပိုးပေါက်မှာဖိပြီး ကိုက်ထားပါ။ လေညှင်းဆီနဲ့ ငရုတ်ကောင်းဆီကို ဂွမ်းမှာတို့ပြီး သွားပေါက်မှာ သိပ်ထားရင်လည်းရပါတယ်။ အစာစားပြီးတိုင်း ဆားရည်နဲ့ပလုတ်ကျင်းပေးရင် သွားကိုက်ခြင်းကနေ ကာကွယ်နိုင်ပါတယ်။

**မေး။ ။ ခြေဖမိုးတွေရောင်ပြီး ခါးကိုက်နေလို့ပါ။ ဆရာဝန်ပြပြီး ဆေးစစ်တော့ ကျောက်ကပ်မကောင်းဘူးလို့ပြောပါတယ်။ မျိုးရိုးကလည်း ကျောက်ကပ်ရောဂါဖြစ်သူတွေရှိပါတယ်။ မြန်မာတိုင်းရင်းဆေးနဲ့ ကျောက်ကပ်ကောင်းစေမယ့်နည်းတွေရှိရင် ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ ကျောက်ကပ်ရောဂါက ကျောက်ဖရုံသီးကို အသားချည်းခြစ်ယူ၊ ဖျော်ရည်စက်နဲ့ကြိတ်ပြီး အရည်စစ်ယူပါ။ ကော်ဖီတစ်ခွက်စာအရည်မှာ ချင်းကိုကြိတ်၊ အရည်ညှစ်ယူပြီး ဟင်းစားဇွန်းတစ်ဇွန်းထည့်ပါ။ အနည်းငယ်နီအောင်လှော်ထားတဲ့သကြားတစ်ဇွန်းထည့်။ အဲဒီနည်းအတိုင်း နံနက်၊ ည တစ်နေ့နှစ်ခွက်သောက်ပါ။ တောနယ်မှာဆိုရင် သောင်ခုံမှာပေါက်တဲ့ ဟင်းဂလာရွက်ကို သုံးခွက်တစ်ခွက်တင်ကျိုသောက်ပါ။ ကျောက်ကပ်ဖောပျောက်ပါတယ်။

**မေး။ ။ကျွန်တော်က တစ်လသားကတည်းက မီးလောင်ထားတာ အခု ၁၈ နှစ်ရှိပါပြီဆရာ။ အမာရွတ်တွေက တော်တော်များပါတယ်။ အားလည်းငယ်ရပါတယ်ဆရာ။ သက်သာပျောက်ကင်းနိုင်မယ့်နည်းလမ်းများရှိရင် ညွှန်ပြပေးပါခင်ဗျာ။**

**ဖြေ။** ။စန္ဒကူးနီအခေါက်ကို ပရဆေးဆိုင်မှာ မေးဝယ်ပါ။ သွေးပြီး ညအိပ်ရင်လိမ်းအိပ်ပါ။ စိတ်ရှည်ရှည်နဲ့ နှစ်ချီလိမ်းရပါလိမ့်မယ်။ အားမငယ်ပါနဲ့၊ ရုပ်အလှထက် စိတ်အလှက ပိုအရေးကြီးပါတယ်။

**မေး။ ။ဆရာကြီးခင်ဗျာ ကျွန်တော့်အသက် ၄၃ နှစ်ပါ။ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ကပါဆရာ။ စိုက်ပျိုးရေးလုပ်ပါတယ်။ ကျွန်တော်က ပိုးသတ်ဆေးဖိတ်လို့သိမ်းရင်း ဆိုးဆိုးရွားရွားအနံ့တွေကို ဆက်တိုက်ရှူမိပါတယ်ဆရာ။ ရောဂါရနိုင်လားဆရာ။ ထူးခြားချက်က တစ်ရက်၊ နှစ်ရက်အတွင်းမှာ လည်ချောင်းယားပြီး ချောင်းတစ်ချက်နှစ်ချက်ဆိုးပါတယ်ဆရာ။ ခုက ညဘက်အိပ်နေရင်း ထဆိုးပါတယ်။ အရင်က ချောင်းမဆိုးပါဘူး။ ရောဂါရသွားတာလားဆရာ။ ဘယ်လိုလုပ်ရမလဲ ညွှန်ပြပေးစေလိုပါတယ်။**

**ဖြေ။** ။အဆုတ်ထဲ ဆေးငွေ့ရောက်သွားလို့ပါ။ ရေနွေးမတ်ခွက်တစ်လုံးမှာ သံပရိုသီးတစ်လုံးကို လေးစိတ်စိတ်ထည့်၊ အငွေ့ပါရှူပြီးသောက်ပေးပါ။ ကန်စွန်းရိုးနီကိုထောင်းပြီးသောက်ရင် အဆိပ်ပြေပါတယ်။ နောက်ထပ် ပိုးသတ်ဆေးအနံ့မဝင်ရင် အဆိပ်ပြေသွားမှာပါ။

**မေး။ ။ ဆီးပူဆီးကျင်ဖြစ်နေလို့ပါဆရာ။ ဆီးသွားတာ ဆီးကျန်လို့ ပေါက်ပွင့်ကို ရေနွေးစိမ်သောက်မိတာကနေ ဆီးပူဆီးကျင်ဖြစ်လာတာပါဆရာ။ ဆေးနည်းပြောပြပါဦးဆရာ။**

**ဖြေ။** ။ ပေါက်ပွင့်က အပူပါ။ ဆက်မသောက်ပါနဲ့။ သံပရာရည်သောက်ပါ။ ဆန်ဆေးရည်အကြည်ကို သကြားနဲ့ဖျော်သောက်ပါ။ တိုင်းရင်းဆေးအမှတ်(၂၁) ဆီးဆေးဖြူဝယ်သောက်ရင်လည်း ပျောက်ပါတယ်။ အင်္ဂလိပ်ဆေးကတော့ ဆရာဝန်ညွှန်ကြားချက်ရမှ သောက်ပါ။

**မေး။ ။ ဆရာရှင့် ကျွန်မ အသက်က ၅၀ ပါ။ မရှိသေးစကား သွေးမဆုံးသေးပါဘူးရှင့်။ မျိုးရိုးကလည်း ၅၀ ကျော်မှ သွေးဆုံးပါတယ်။ အခု နံနက်အိပ်ရာထချိန်တိုင်း ခြေဖနောင့်နာပါတယ်။ တချို့ကလည်း သွေးဆုံးပြီးရင် ခြေဖနောင့်နာတယ်ပြောကြပါတယ်။ ကျွန်မက သွေးမဆုံးသေးဘဲ နာနေလို့ပါရှင်။ တချို့ကလည်း ဖနောင့်အတက်ထွက်တာလို့ပြောလို့ ကြောက်လို့ပါရှင့်။ ဖနောင့်နာသက်သာအောင် ဘာလုပ်ရမယ်ဆိုတာပြောပြပေးစေလိုပါတယ်ရှင့်။**

**ဖြေ။** ။ဆားနှစ်ပိဿာဝယ်၊ ဇလုံထဲမှာထည့်ပြီး ဆားနင်းပေးပါ။ ဆားနင်းပြီး ဒူးအထက်ကနေအောက် ရေလောင်းပါ။ သက်ရင်းကြီးရွက်ကို ဆားနဲ့ထောင်းပြီး ညအိပ်ရာဝင် ဖနောင့်မှာစည်းအိပ်ပါ။ နံနက်အိပ်ရာထရင်ဖြေပါ။ ၁၄ ရက်ခန့်စည်းပါ။ ပျားရည်လိမ်း၊ ဖနောင့်လုံအောင် ကြွပ်ကြွပ်အိတ်စွပ်ပြီး နံနက်အိပ်ရာထမှဖြေပါ။ လေ့ကားအတက်အဆင်းများရင် ပိုနာတတ်ပါတယ်။ လေ့ကားအတက်အဆင်းရှောင်ပါ။ သွေးဆုံးချိန်မှာ အသားစားတာလျှော့ပြီး အသီးအရွက်နဲ့ငါးစားပါ။ အထူးသဖြင့် အနီရောင်အသားတွေရှောင်ပေးရင် ဖနောင့်နာတာပါ သက်သာစေပါတယ်။

**မေး။ ။ ဆရာကြီးရှင့် သမီးရာသီမလာတာ တစ်လပြည့်ပြီး ဆီးစပ်နားကကိုက်နေလို့ ဘာဆေးသောက်ရမလဲ လမ်းညွှန်ပေးပါဦး။ ရာသီလာတဲ့အခါတွေမှာလည်း သူများတွေလို သုံးရက်မလာဘဲ တစ်ရက်၊ နှစ်ရက်နဲ့ ရပ်သွားတတ်ပါတယ်။ သွေးအားနည်းတယ်လို့ပြောကြပါတယ်။ သွေးအားကောင်းအောင် ဘာဆေးတွေစားရမလဲ ပြောပေးပါရှင့်။**

**ဖြေ။** ။လမ်းများများလျှောက်ပေးပါ။ ခါးအောက်ပိုင်း လေ့ကျင့်ခန်းပြုလုပ်ပေးပါ။ ရာသီမလာရင် ချင်း၊ ထန်းလျက်ပြုတ်ရည်သောက်ပေးပါ။ မီးယပ်အားဆေးစားလိုရင် ကြိတ်မှန်ရွက်လက်တစ်ဆုပ်၊ ရှားစောင်းလက်ပပ်အနှစ် ၁၀ ကျပ်သား၊ မန်ကျည်းမှည့်အနှစ် ၁၅ ကျပ်သား၊ ထန်းလျက်အမည်း ၂၅ ကျပ်သား၊ ဆားလှော် ၃ ကျပ်သားကို မြေအိုးထဲထည့်ပြီး မီးနွေးနွေးနဲ့ချက်ပါ။ နံနက်၊ ည ဟင်းစားဇွန်းတစ်ဇွန်းကနေ နှစ်ဇွန်းစားပါ။ ရေရှည်စွဲစားပါ။ မီးယပ်ဖောက်ပြန်တဲ့ရောဂါမှန်သမျှပျောက်တဲ့ မီးယပ်ချက်ဆေးကြီးဖြစ်ပါတယ်။ စိတ်ဖိစီးမှုများရင်လည်း ရာသီပျောက်သွားတတ်ပါတယ်။ ရှားစောင်းလက်ပပ်က အအေးပါ။ ဖျော်ရည်လုပ်သောက်ရင်လည်းရပါတယ်။ မီးယပ်ချက်ဆေးကိုယ်တိုင်ပြုလုပ်စားပါ။

**မေး။ ။မင်္ဂလာပါ ဆရာ ကျွန်တော့်အသက် ၄၇ နှစ်ပါ။ ဆီးရွှင်ပြီး ချွေးမထွက်လို့ပါခင်ဗျာ။ ဆီးနဲ့ချွေးဟန်ချက်ညီအောင် ဘယ်လိုလုပ်ရမလဲ။ ပျောက်ကင်းသက်သာစေမယ့် တိုင်းရင်းဆေးနည်းလေးသိချင်ပါတယ်ခင်ဗျာ။**

**ဖြေ။** ။ချွေးထွက်စေဖို့အတွက် လေ့ကျင့်ခန်းတစ်ခုခုလုပ်ဖို့လိုပါတယ်။ လေကောင်းလေသန့်ရတဲ့နေရာမှာ အပြေးလေ့ကျင့်တာ၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်တာတွေကို မိမိအသက်အရွယ်နဲ့ ခံနိုင်ရည်ရှိသမျှ လုပ်ပေးပါ။ ချွေးထွက်အောင် အင်္ကျီလက်ရှည်ဝတ်ထားပြီးပြုလုပ်ပါ။ ငရုတ်သီးအစပ်၊ ကြက်သွန်ဖြူနီများများစားပေးရင် ချွေးထွက်စေနိုင်ပါတယ်။ .

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများဆောင်ရွက်

ပေါင် မေ ၆

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို မေလ ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက မိမိဘဝတိုးတက်မှုရရှိအောင် စာများများဖတ်ကြရန်၊ အရွယ်မရောက်သေးသည့် ကလေးငယ်များကို မတရားအလုပ်စေခိုင်းမှုမှ ကာကွယ်ရန်၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ လူကုန်ကူးမှု၏ဆိုးကျိုးများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်ပြပုံပြင်များ၊ စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်းသိမှတ်ဖွယ်ရာများ စသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## မအူပင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



မအူပင် မေ ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မအူပင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မေလ ၅ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတန်ဂျီးနှင့် စီမံကိန်းတာဝန်ခံများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများအနက် ကျီးချောင်းကျေးရွာအုပ်စု ကံကုန်း+ကတက်ခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် ၁၁ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၀ ဒသမ ၀၅ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၀၅ သန်းဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းနှင့် ကွန်စုကျေးရွာအုပ်စု ဆိတ်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် ၁၂ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃ သန်း စုစုပေါင်း ငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများပြီးစီးပါက ကံကုန်း+ကတက်ခွကျေးရွာရှိ အိမ်ထောင်စု ၁၁၄ စု လူဦးရေ ၆၁၉ ဦးနှင့် ဆိတ်ကြီးကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၄၇ စု လူဦးရေ ၆၂၃ ဦးတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်း ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

# မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်



နေပြည်တော် မေ ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ရက် ၁၀၀ အတွင်း ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်စေရန် ရည်ရွယ်၍ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်းဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၆ ရက် နံနက်ပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ ထူထောင်နိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွားရေးတို့ကိုအဓိကထား၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ သင်တန်းဆင်းများအတွင်းမှ ဌာန၏ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသူ ငါးဦးအားရွေးချယ်၍ လုပ်ငန်းထူထောင်ပေးခဲ့ရာ ယနေ့အချိန်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်၁၅ ခုရှိ ကျေးရွာ ၅၄၄ ရွာတွင် စုစုပေါင်းလုပ်ငန်းရှင် ၂၇၁၀ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ယခု၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ အတွင်း လုပ်ငန်းရှင်စုစုပေါင်း ၁၀၀ ဦး ပေါ်ထွန်းလာစေရေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရက် ၁၀၀ အတွင်း မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းကို တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့အတူ သီးနှံအခြေခံတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းကို တစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးခြင်းကြောင့် ကျေးလက်နှင့်မြို့ပြနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး နေ့စဉ်ဝင်ငွေရရှိကာ တစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

# ဒေသန္တရစီမံကိန်းရည်မှန်းချက်များတာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

လှိုင်းဘွဲ့ မေ ၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေလ ၅ ရက် နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးထွန်းလင်းအောင်က မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် ကဏ္ဍအလိုက်စီမံကိန်းများကိုရည်မှန်းချက်ပြည့်မီအောင် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ကာလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဒေသန္တရစီမံကိန်းဥပဒေပြဋ္ဌာန်းချက်များအား ပြောကြားသည်။ ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စန္ဒာအောင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က လှိုင်းဘွဲ့မြို့နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းကဏ္ဍရင်းနှီးမြှုပ်နှံမှုလျာထားချက်များ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စန္ဒာအောင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကဏ္ဍအလိုက်ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များအား ဌာနဆိုင်ရာတာဝန်ရှိသူများထံ အသီးသီးပေးအပ်ကြောင်းသိရသည်။

(၄၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ ( ပိုက်ဆန်လျှော် ) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲကျင်းပ



မော်လမြိုင်ကျွန်း မေ ၆

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးစပါးရာသီမြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ အခမ်းအနားကို မေလ ၅ ရက် နံနက်ပိုင်းတွင် မယ်တလိုင်းကျေးရွာကွင်းအမှတ်(၁၂၇)၊ ဦးပိုင်အမှတ်(၉/၅)ရှိ တောင်သူဦးအောင်ဇော်မိုး၏ လယ်မြေ ၃ ဧက၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟေမာန်ကျော်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီအဖွဲ့ဝင်များက ပိုက်ဆန်လျှော်မျိုးစေ့များကို တောင်သူများထံပေးအပ်သည်။ ထို့နောက်မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့များ စုပေါင်းကြဲပက်ကြသည်။

ထိုသို့ ပိုက်ဆန်လျှော်မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာထက်သန်စေပြီး သွင်းအားစုဓာတ်မြေဩဇာလျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းပိုမိုရရှိကာ တောင်သူဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

## မြန်မာ့အလှ မြန်မာ့စိတ်ရင်း

❖ ပန်းပမာပေ ဥယျာဉ်နန်းမှာလ
တုယှဉ်လန်းလို့ အပွင့်စုံစွာ။
ပြည်တစ်ခွင် သာယာလှဖို့
နိုးထညီညာ။
အဘိုးအဘွား တည်ထားကာ
ပြည်မြန်မာ ဂုဏ်သတင်း။
စည်းလုံးစေ သွေးမကွဲဖို့
လက်တွဲညီခြင်း။

❖ ဖြူစင်အောင် မြန်မာ့စိတ်ရင်းရယ်က
ပန်းခင်းသို့ အလှဆင်ပြန်။
ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးမို့
စိုးမိုးဧကန်။
သမိုင်းဆက်ဆက် ဂုဏ်ထင်ကျန်
မြန်မာ့မူဟန် ခံ့ညား။
ပုဂံခေတ်မှာ အခြေစလို့
ဘုန်းလှထင်ရှား။

❖ ယခုဝယ် ကမ္ဘာတစ်လွှားမှာလ
ပြယုဂ်များနှင့် မြန်မာ့အမွေ။
ပန်းမျိုးတစ်ရာ ဂုဏ်အင်စုလို့
အကြောင်းပြုဖြာဝေ။
လန်းဆန်းလို့ အခက်ဝေ
ကျက်သရေ တက်နေဖြိုး။
အခွန့်ရှည် မြန်မာ့အလှမို့
စံပြဂုဏ်တိုး။ ။

ဂန္ဓဝင်ချစ်သူ


## MWD Education, Knowledge & Sports Channel

၇-၅-၂၀၂၆ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၇၀၀ မှ ၀၈၃၀ ထိ | Grade-3/Grade-4/Grade-5/Grade-6/ သင်္ချာ |
| ၂။ | ၁၅၃၀ မှ ၁၅၄၀ ထိ | Grade-7/Grade-8/Grade-9/ သင်္ချာ |
| ၃။ | ၁၅၄၀ မှ ၁၈၃၅ ထိ | Grade-10 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၄။ | ၁၈၃၅ မှ ၂၁၃၅ ထိ | Grade-11 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |

# ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေထုတ်ချေးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး မေ ၆

တိုင်းဒေသကြီး၏အဓိကစီးပွားရေးမောင်းနှင်အားသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းအပေါ် အဓိက အခြေခံထားကြောင်း၊ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာပါက တိုင်းဒေသကြီး၏ GDP လည်းတိုးတက်လာမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေထုတ်ချေးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းကပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေထုတ်ချေးပေးရာတွင် အချိန်အကန့်အသတ်ဖြင့် ထုတ်ချေးပေးခြင်းဖြစ်၍ Quick Win ဖြစ်သည့်လုပ်ငန်းများကို သေချာရွေးချယ်စိစစ်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံပိုလျှံစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများအတွက် ထုတ်ချေးပေးမည့်ချေးငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက် ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေတင်ပြတောင်းခံထားမှု လုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် MSMEs အေဂျင်စီအဖွဲ့ဝင်များက တင်ပြသည့်လုပ်ငန်းတစ်ခုချင်းအလိုက် မေးမြန်းခြင်း၊ စိစစ်ခြင်းများဆောင်ရွက်ကာ အစိုးရအဖွဲ့အတွင်းရေးမှူးက ချေးငွေနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက တင်ပြချက်များနှင့်ပတ်သက်၍ အကြံပြုသုံးသပ်တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြသည့်လုပ်ငန်းတစ်ခုချင်းအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေစိစစ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

(၄၁၀)

# ရောဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေး

မြစ်ကြီးနား မေ ၆

ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အတွင်းရှိဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက ပြည်နယ်မိုးလုံလေလုံအားကစားခန်းမ၌ ဒေသတွင်းရှိ စီးပွားရေးနယ်ပယ်အသီးသီး၌ လုပ်ကိုင်ဆောင်ရွက်နေကြသည့်လုပ်ငန်းရှင်များအား အသိပေးရှင်းလင်းဆွေးနွေးသည်။



တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့နေ့စဉ် လူနေမှုဘဝတွင် လျှပ်စစ်စွမ်းအင်သည် မရှိမဖြစ်လိုအပ်သည့် အရေးကြီးကဏ္ဍဖြစ်သည်ကို အားလုံးက သိရှိနားလည်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဒေသခံကော်မတီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးထွန်းထွန်းလှိုင်၊ ဦးမုန်ရိန်လ၊ ဦးနော်ထွဲ၊ ဦးဂျန်ခုန့်(ခ)ဦးနော်ခုန့်နှင့် ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်းတို့က ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည့် နည်းပညာဆိုင်ရာ၊ ဘူမိဗေဒဆိုင်ရာ တွေ့ရှိချက်များ၊ ရေအားလျှပ်စစ် စီမံကိန်းကြီးများဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ တိုးတက်မှုနှင့် အနာဂတ်အလားအလာများ၊ ကမ္ဘာပေါ်ရှိ ဆည်ကြီးများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိလိုသည်များနှင့် စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကာ ဒေသခံကော်မတီအဖွဲ့ခေါင်းဆောင် ဦးတိန့်ဆောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ်၌ နွေသီးနှံစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများရောင်းချ

စဉ့်ကိုင် မေ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ နွေသီးနှံစိုက်တောင်သူများထံ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ယူရီးယားဓာတ်မြေဩဇာများရောင်းချပွဲကို မေလ ၅ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဇော်မင်းဦး၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစံအောင်၊ စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်နှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစံအောင်က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်က အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး နွေသီးနှံစိုက်ပျိုးသည့်တောင်သူများထံ ယူရီးယားဓာတ်မြေဩဇာများ ရောင်းချခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# ကျွန်းလှမြို့နယ်၌ မိုးမြေပဲများစတင်စိုက်ပျိုး

ကျွန်းလှ မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံပြီး ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြရာ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲများ စတင်စိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများ၏ပြောပြချက်အရ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံတွေကို မိုးရာသီနဲ့ ဆောင်းရာသီမှာ အဓိကထားစိုက်ပျိုးကြပါတယ်။ ဒီနှစ်မိုးရာသီမှာ မြေပဲငါးကေစိုက်ပျိုးဖို့ ရည်ရွယ်ထားပါတယ်။ အရင်နှစ်က မိုးမြေပဲစိုက်ပျိုးရာမှာ ဆောင်းမြေပဲစိုက်ပျိုးဖို့ မျိုးရရှိတဲ့အပြင် အကျိုးအမြတ်လည်းရရှိခဲ့ပါတယ်" ဟု မန်ကျည်အင်းကျေးရွာမှ မိုးမြေပဲစိုက်တောင်သူ ဦးရာစိန်ကပြောသည်။

အဆိုပါမိုးမြေပဲစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ မြေယာစနစ်တကျပြုပြင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ နေကြာများ စိုက်ပျိုးခဲ့ပြီး မိုးမြေပဲ ဧက ၇၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



# မဏ္ဍိုင်ကြီး(၃)ရပ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်များနှင့် ပြည်သူလူထုပူးပေါင်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်

မန္တလေး မေ ၆

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံးသဘင်ဆောင်၌တွေ့ဆုံသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံရေးအခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ် Video Clip ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံရေးအခင်းအကျင်းသစ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်အတွင်း အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့်တရားစီရင်ရေးမဏ္ဍိုင် မဏ္ဍိုင်ကြီး(၃)ရပ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်များနှင့် ပြည်သူလူထုပူးပေါင်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးစားဆောင်ရွက်သွားရေး၊ ယခုဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများ၏ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ပြီး နိုင်ငံတော်နှင့်အစိုးရ၊ ပြည်သူတို့၏အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မဲဆန္ဒရှင်ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



ယင်းနောက်ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းသည် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမကို လှည့်လည်ကြည့်ရှုကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)





ဌာနဆိုင်ရာအဖွဲ့အစည်းများ ဖလမ်းမြို့သို့ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုကြစဉ်။

▲ ကျောဖုံးမှအဆက်

ဖလမ်းမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကိုစွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်ကအပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာလူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာနအဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။





ဌာနဆိုင်ရာအဖွဲ့အစည်းများ ဖလမ်းမြို့သို့ရောက်ရှိစဉ်။

ယနေ့တွင် ဖလမ်းဒေသခံပြည်သူလူထုအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ၊ ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် လိုအပ်သည့်ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကလေးမြို့မှထွက်ခွာခဲ့ကြပြီး ညနေပိုင်းတွင် ဖလမ်းမြို့သို့ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း တိုက်ပွဲ၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာလိုလားကြောင်း၊ ၎င်းတို့၏ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည်လည်ပတ်စေရန်မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် ဖလမ်းမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။




ဌာနဆိုင်ရာအဖွဲ့အစည်းများ ဖလမ်းမြို့သို့ရောက်ရှိစဉ်။

ထို့အပြင် တပ်မတော်စစ်ကြောင်းများသည် ဖလမ်းမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တပ်မတော်နှင့်ဒေသခံပြည်သူများပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တားဆီးကာကွယ် မီးခိုးမြူငွေ့အန္တရာယ်

**မင်းခန့်**

ယနေ့အချိန်ခါမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနဲ့တစ်ဝန်း ကြည်လင်ပြာလွင့်နေတဲ့ ကောင်းကင်ပြာကြီးဟာ တစ်စတစ်စ မှေးမှိန်လာနေပြီ ဖြစ်ပါတယ်။ လတ်ဆတ်တဲ့လေကို ရှူရှိုက်ခွင့်ရမယ့်အစား တောမီးလောင်ကျွမ်းမှုတွေ၊ စိုက်ပျိုးရေးသုံး စွန့်ပစ်ပစ္စည်းတွေနဲ့ အမှိုက်တွေ မီးရှို့မှုကနေ ထွက်ပေါ်လာတဲ့ အဆိပ်သင့်စေတဲ့ ဖုန်မှုန့်တွေနဲ့ မီးခိုးမြူငွေ့တွေကိုသာ ရှူရှိုက်နေရပြီးဒါက လူသားတွေရဲ့ အသက်ရှင်သန်နေထိုင်မှုဘဝတွေကို များစွာအန္တရာယ်ပေးလျက်ရှိနေပါတယ်။ ဒီလေထုညစ်ညမ်းမှုပြဿနာဟာ ဒေသတစ်ခုတည်း၊ မြို့တစ်မြို့တည်းမှာသာ သီးခြားဖြစ်ပေါ်နေတဲ့ ကိစ္စရပ်မဟုတ်ဘဲ ကမ္ဘာနဲ့တစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရတဲ့ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနေပြီဖြစ်ပါတယ်။

အထူးသဖြင့် ရာသီဥတုပူပြင်းခြောက်သွေ့တဲ့ ပွင့်လင်းရာသီကာလတွေကို ရောက်ရှိလာချိန်တိုင်း နိုင်ငံအနှံ့အပြားမှာ မီးလောင်ကျွမ်းတဲ့နေရာတွေ သိသိသာသာများပြားလာလေ့ရှိပြီး လေထုညစ်ညမ်းမှုအန္တရာယ်ကို ပြည်သူလူထုတစ်ရပ်လုံး အလူးအလဲခံစားကြရလေ့ရှိပါတယ်။ ဒီအခြေအနေဟာ ကျန်းမာရေးရှုထောင့်ကနေ ကြည့်ရင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတွေ၊ နှလုံးနဲ့ သွေးကြောဆိုင်ရာပြဿနာတွေကို ဖြစ်စေရုံသာမက ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် အထူးစိုးရိမ်ဖွယ်ရာအဆင့်အထိ ရောက်ရှိနေတာပဲဖြစ်ပါတယ်။

ကိန်းဂဏန်းအချက်အလက်တွေအရ လေ့လာကြည့်မယ်ဆိုရင် ယခု ၂၀၂၆ ခုနှစ်ရဲ့ ဇန်နဝါရီလကနေ ဖေဖော်ဝါရီလအထိ ကာလအတွင်းမှာတင် နိုင်ငံတစ်ဝန်းမှာ မီးလောင်ကျွမ်းမှုဖြစ်စဉ်ပေါင်း ခုနှစ်ထောင်ကျော်အထိ ဖြစ်ပေါ်ခဲ့တာကို စိုးရိမ်ဖွယ်ရာ တွေ့ရှိရပါတယ်။ ဒီအရေအတွက်ဟာ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်ရဲ့ အလားတူကာလက ဖြစ်ပေါ်ခဲ့မှုထက် ၂၆ ရာခိုင်နှုန်းခန့် ပိုမိုများပြားနေပြီး ၂၀၂၄ ခုနှစ်ကထက် ၁၀ ရာခိုင်နှုန်းခန့် ပိုမိုတိုးတက်များပြားလာနေတာလည်း ဖြစ်ပါတယ်။ ဂြိုဟ်တုပုံရိပ်တွေအရလည်း ဇန်နဝါရီလကစတင်ကာ မြန်မာနိုင်ငံအနှံ့အပြား၊ အထူးသဖြင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီး စတဲ့ဒေသတွေမှာ မီးလောင်ကျွမ်းမှုတွေ အလွန်သိပ်သည်းစွာဖြစ်ပေါ်နေတာကို ထင်ရှားစွာ မြင်တွေ့နေရပါတယ်။

ဒီလို မီးလောင်ကျွမ်းမှုအများစုဟာ တောမီးလောင်ကျွမ်းခြင်း၊ တောင်ယာခုတ်ထွင်ရှင်းလင်းဖို့ မီးရှို့ခြင်းနဲ့လယ်ယာထွက်ကုန်ပစ္စည်းတွေကို မီးရှို့ခြင်းတို့ကြောင့် အဓိကဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်။ အဲဒီကနေ ထွက်ပေါ်လာတဲ့ မီးခိုးမြူငွေ့တွေဟာ လေစီးကြောင်းနဲ့အတူ နိုင်ငံအနှံ့ကိုသာမက အိမ်နီးချင်းနိုင်ငံတွေကိုပါ နယ်စပ်ဖြတ်ကျော် ပျံ့နှံ့သွားပြီး ဆိုးရွားတဲ့ လေထုညစ်ညမ်းမှုတွေကို ဖြစ်ပေါ်စေလျက်ရှိပါတယ်။

ဒီလို သဘာဝပတ်ဝန်းကျင်နဲ့ ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုကို ဖြေရှင်းနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးထားပြီး တားဆီးကာကွယ်မှုတွေကို စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ထိရောက်မှုရှိစေဖို့အတွက် မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီကို စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်။ အဆိုပါ ကော်မတီအနေနဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရာမှာ နှစ်စဉ်မီးခိုးမြူငွေ့ စတင်ဖြစ်ပေါ်လေ့ရှိတဲ့ နိုဝင်ဘာလမတိုင်မီ အောက်တိုဘာလမှာ တစ်ကြိမ်၊ မီးခိုးမြူငွေ့ အများဆုံးဖြစ်ပေါ်လေ့ရှိတဲ့ မတ်လ၊ ဧပြီလနဲ့ မေလတွေ မတိုင်မီ

မဲခေါင်ဒေသခွဲတွင် Fire Hotspots နှင့် မီးခိုးမြူငွေ့ နေ့စဉ် ဖြစ်ပေါ်မှု အခြေအနေ (၄.၅.၂၀၂၆)




| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် | Hotspot အရေအတွက် ၄-၅-၂၀၂၅ | ၄-၅-၂၀၂၆ |
|---|---|---|---|
| ၁ | နေပြည်တော် | - | - |
| ၂ | ကချင်ပြည်နယ် | ၄ | - |
| ၃ | ကယားပြည်နယ် | - | - |
| ၄ | ကရင်ပြည်နယ် | ၁ | ၂ |
| ၅ | ချင်းပြည်နယ် | - | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | - | - |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | - | ၇ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁ | ၄ |
| ၉ | မကွေးတိုင်းဒေသကြီး | - | - |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | - | ၁ |
| ၁၁ | မွန်ပြည်နယ် | - | - |
| ၁၂ | ရခိုင်ပြည်နယ် | ၂ | ၁ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | - | ၁ |
| ၁၄ | ရှမ်းပြည်နယ် | ၂ | - |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၃ | ၁၃ |
| | စုစုပေါင်း | ၁၃ | ၂၉ |

ဖေဖော်ဝါရီလမှာ တစ်ကြိမ်၊ မီးခိုးမြူငွေ့ ပြန်လည်လျော့ကျသွားတဲ့ ဇွန်လမှာ တစ်ကြိမ် စုစုပေါင်း တစ်နှစ်ကို အစည်းအဝေးသုံးကြိမ် ကျင်းပပြီး ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွေကို အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက် ရှိနေပါတယ်။

ကော်မတီရဲ့ အဓိကရည်မှန်းချက်တစ်ခုကတော့ နိုင်ငံတစ်ဝန်း ဖြစ်ပေါ်နေတဲ့ မီးလောင်ကျွမ်းမှု အခြေအနေတွေကိုအခြေခံထားပြီး ယခု ၂၀၂၆ ခုနှစ်အတွင်း မီးလောင်ကျွမ်းမှုဖြစ်စဉ်တွေကို ယခင်ကထက် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးကို ပြတ်ပြတ်သားသားရည်မှန်းချက်ထား ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ဒီရည်မှန်းချက်အောင်မြင်စေဖို့အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်ဖို့နဲ့ လိုအပ်ရင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေကိုထပ်မံဖွဲ့စည်းဆောင်ရွက်နေပါတယ်၊

ရည်မှန်းချက်တွေ အောင်မြင်စေဖို့နဲ့ ပြည်သူလူထုအတွင်း အသိပညာများ တိုးပွားရရှိစေဖို့အတွက် အစိုးရဌာနဆိုင်ရာတွေဟာ အသိပညာပေးလုပ်ငန်းတွေကို သမားရိုးကျနည်းလမ်းတွေနဲ့သာမက ခေတ်မီနည်းပညာတွေကိုပါ ပေါင်းစပ်ပြီး နည်းမျိုးစုံနဲ့ထိရောက်အောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အသိပညာပေးလုပ်ငန်းတွေမှာ မြေပြင်ကွင်းဆင်းဟောပြောတာ၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ သတင်းစာတွေကတစ်ဆင့် နှိုးဆော်တာတွေသာမက ယခုအခါ ပြည်သူတွေ အလွယ်တကူ လက်လှမ်းမီနိုင်တဲ့ အွန်လိုင်းမီဒီယာပလက်ဖောင်းတွေကိုပါ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလုပ်ဆောင်နေပြီဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရနဲ့ သတင်းမှန် ပြန်ကြားရေးကွန်ရက်တွေကတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာအသီးသီးကို အသုံးပြုပြီး ပြည်သူတွေဆီ အချိန်နဲ့တစ်ပြေးညီ သတင်းစကားတွေ ပါးလျက်ရှိပါတယ်။

ဒ့ါအပြင် ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ကာ ပြည်သူလူထုရဲ့ လက်ကိုင်ဖုန်းတွေဆီကို အိမ်ကထွက်ရှိတဲ့ အမှိုက်တွေ မီးမရှို့ဖို့၊ တောင်ယာနဲ့ သစ်တောတွေအတွင်း မီးမဆင်မခြင်အသုံးပြုတာကို ရှောင်ကြဉ်ဖို့ စာတိုတွေပေးပို့ အသိပေးတာတွေကိုပါ မကြာခဏလုပ်ဆောင်နေတာကို တွေ့ရပါတယ်။ တိုင်းစစ်ဌာနချုပ်တွေမှာ ဖွဲ့စည်းထားတဲ့ သတင်းမှန်ပြန်ကြားရေးအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး အရပ်ဘက်ဝန်ကြီးဌာနတွေက မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေး သတင်းတွေကိုလည်း သက်ဆိုင်ရာနယ်မြေတွေမှာ ထပ်မံဖြန့်ဝေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဘက်စုံထောင့်စုံကနေ ထိုးဖောက်ပြီး ပြည်သူတစ်ရပ်လုံးဆီကို မီးခိုးမြူငွေ့အန္တရာယ် တားဆီးရေးသတင်းစကားတွေ ပိုမိုထိရောက်လျင်မြန်စွာ ရောက်ရှိစေရေး အလေးထားလုပ်ဆောင်လျက်ရှိနေပါတယ်။

တာဝန်ရှိသူများအနေနဲ့ အသိပညာပေးခြင်းသက်သက်နဲ့သာ ရပ်တန့်မနေဘဲ မူဝါဒရေးရာနဲ့စည်းရုံးရေးလမ်းကြောင်းတွေကိုပါ စနစ်တကျချမှတ်အကောင်အထည်ဖော်နေမှုတွေကလည်း အထူးစိတ်ဝင်စားဖွယ်ကောင်းလှပါတယ်။ ပြည်သူတွေ၊ အထူးသဖြင့် တောင်သူလယ်သမားတွေ အနေနဲ့ ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်မီးရှို့မယ့်အစား ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာစေဖို့နဲ့ စိုက်ပျိုးရေးကနေ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းတွေကို မီးရှို့ဖျက်ဆီးမယ့်အစား သဘာဝမြေဩဇာအဖြစ် ပြောင်းလဲပြုလုပ် အသုံးပြုလာစေဖို့ လက်တွေ့ကျကျ ပံ့ပိုးကူညီမှုတွေ ပြုလုပ်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဦးဆောင်ပြီး ရိုးပြတ်တွေကို ထယ်မှောက်မြေဆွေးပြုလုပ်တာ၊ ကုန်းစောင်းစိုက်ပျိုးတာနဲ့ သီးနှံသစ်တော ရောနှောစိုက်ပျိုးတာတွေကိုပါ နမူနာပြသ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စီးပွားရေးအရ တွန်းအားပေးတဲ့ မူဝါဒတွေကိုလည်း ရဲရဲဝံ့ဝံ့ကျင့်သုံးလာတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ပြောင်းအများဆုံး စိုက်ပျိုးထွက်ရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကနေ အိမ်နီးချင်းနိုင်ငံတွေကို ပြောင်းတင်ပို့မယ့် လုပ်ငန်းရှင်တွေအနေနဲ့ ပြောင်းစိုက်ခင်းတွေမှာ အမှိုက်တွေ မီးရှို့မှု ကင်းရှင်းကြောင်း အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းအဖွဲ့က စိစစ်ထုတ်ပေးတဲ့ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ရရှိမှသာ တင်ပို့ခွင့်ပြုမယ့် မူဝါဒကို ၂၀၂၆ ခုနှစ် မတ်လအတွင်းကစတင်ပြီး တင်းကျပ်စွာ စတင်ကျင့်သုံးနေပြီဖြစ်ပါတယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စီးပွားရေးအကျိုးအမြတ်ကို တိုက်ရိုက်ချိတ်ဆက်ပေးလိုက်တဲ့ အလွန်ထိရောက်တဲ့ စည်းရုံးရေး လက်နက်တစ်လက်ပဲ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာလည်း အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်တွေကို အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်လျက်ရှိနေတာကလည်း နိုင်ငံတော်အစိုးရရဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဖြေရှင်းလိုတဲ့ ဆန္ဒပြင်းပြမှုကို ပြသနေခြင်းဖြစ်ပါတယ်။

ဒီစီမံချက်အရ နှစ်နိုင်ငံအကြား သတင်းအချက်အလက်ဖလှယ်တာတွေ၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွေ ပြုလုပ်တာနဲ့ တောမီးငြိမ်းသတ်ရေးလုပ်ငန်းတွေမှာ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်တာတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ အထူးသဖြင့် ဒေသတွင်း မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် နိုင်ငံတကာ အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ တက်ကြွစွာ ပါဝင်ဆွေးနွေးပြီး မြန်မာနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို တင်ပြကာ လိုအပ်တဲ့ ပံ့ပိုးမှုတွေရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းလျက်ရှိပါတယ်။ ဒီလိုမျိုး မူဝါဒရေးရာခိုင်မာမှုနဲ့ နိုင်ငံတကာချိတ်ဆက်မှုတွေဟာ ရေရှည်မှာ လေထုညစ်ညမ်းမှုကို သိသိသာသာလျှော့ချပေးနိုင်မယ့်အခြေခံကောင်းတွေပဲဖြစ်ပါတယ်။

ဒါပေမဲ့ ဘယ်လိုပဲ ကောင်းမွန်တဲ့ မူဝါဒတွေ ချမှတ်ထားစေကာမူ၊ အစိုးရဌာနဆိုင်ရာတွေက ဘယ်လိုကြိုးစားပမ်းစား အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေစေကာမူ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုမရှိဘူးဆိုရင် ဒီမီးခိုးမြူငွေ့အန္တရာယ်ကို အမြစ်ပြတ်တိုက်ဖျက်နိုင်မှာ မဟုတ်တာသေချာပါတယ်။ လေထုညစ်ညမ်းမှုဟာ လူတန်းစားမရွေး၊ ဆင်းရဲချမ်းသာမရွေး အားလုံးရဲ့ ကျန်းမာရေးနဲ့ အသက်အန္တရာယ်ကို တိုက်ရိုက်ခြိမ်းခြောက်နေတဲ့ ဘုံရန်သူကြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းမှာ မီးလောင်ကျွမ်းမှုဖြစ်ပေါ်မှု လျှော့ချရေးနဲ့ မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးကို အစိုးရရဲ့ လုပ်ငန်းတာဝန်သက်သက်အဖြစ်သာ မရှုမြင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ အထူးပဲလိုအပ်လှပါတယ်။

အိမ်တွင်းအမှိုက်တွေကို လွယ်လွယ်ကူကူ **စာမျက်နှာ ၁၃ သို့**

## ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ်ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂%)တို့ကို အခွန်ကင်းလွတ်ခွင့်ကာလ ထပ်မံတိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေခြင်းကြောင့် စက်သုံးဆီ(ဒီဇယ်ဆီ)အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂%) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ၂-၄-၂၀၂၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်း အခွန်ကင်းလွတ်ခွင့်ကာလကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၅-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(၂ %)ကို အခွန်ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ %)ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ၂-၄-၂၀၂၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၅-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

❍ စာမျက်နှာ ၁၂ မှအဆက်

မီးရှို့ပစ်တာမျိုးကစလို့ တောင်ယာနဲ့ သစ်တောတွေအတွင်း သတိလက်လွတ် မီးအသုံးပြုတာတွေအထိ လုံးဝရှောင်ကြဉ်ကြရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်နဲ့ သစ်တောတွေကို ထိန်းသိမ်းတာ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတွေကို မြေဆွေးအဖြစ် ပြန်လည်အသုံးချတာစတဲ့အလေ့အကျင့်ကောင်းတွေကို လူမှုအသိုင်းအဝိုင်းအတွင်း စိမ့်ဝင်ပျံ့နှံ့အောင် တစ်ဦးချင်းစီကစလို့ အသိတရားနဲ့ကိုယ်တိုင်ကိုယ်ကျလက်တွေ့အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။

ဒီကနေ့ခေတ်မှာ မီးခိုးမြူငွေ့နဲ့လေထုညစ်ညမ်းမှုပြဿနာဟာ ကျွန်တော်တို့အနေနဲ့ လုံးဝမျက်ကွယ်ပြုထားလို့မရတဲ့ကိစ္စရပ်တစ်ခုဖြစ်လာပါတယ်။ လေထုကို နယ်နိမိတ်စည်းတားထားလို့မရသလိုဘဲ ညစ်ညမ်းတဲ့လေထုရဲ့ဆိုးရွားတဲ့ အကျိုးဆက်တွေဟာလည်း လူသားတိုင်းအပေါ်ကို ဧကန်မလွဲကျရောက်လာမှာပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံကနေ ကြိုးပမ်းဆောင်ရွက်နေတဲ့ အခုလိုအချိန်အခါမျိုးမှာ ပြည်သူလူထုအနေနဲ့လည်း နိုင်ငံတော်နဲ့အတူ တစ်တပ်တစ်အား ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးကြဖို့ အချိန်တန်နေပြီဖြစ်ပါတယ်။

ကြည်လင်ပြာလွင့်တဲ့ ကောင်းကင်ယံကို ပြန်လည်ရယူဖို့နဲ့ သန့်ရှင်းလတ်ဆတ်တဲ့ လေထုကို ကျွန်တော်တို့ရဲ့ နောင်လာနောက်သားမျိုးဆက်သစ်တွေအတွက် အမွေအနှစ်အဖြစ် ချန်ရစ်ခဲ့နိုင်ဖို့အတွက် မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေးကို နိုင်ငံသားတိုင်းကမလွှဲမရှောင်ရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အခိုင်အမာခံယူကျင့်သုံးကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ဒီလိုစုပေါင်းအင်အားနဲ့ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့အနာဂတ်ကမ္ဘာကြီးဟာ ပိုမိုလှပပြီး ကျန်းမာပျော်ရွှင်ဖွယ်ကောင်းတဲ့ လူနေမှုဝန်းကျင်တစ်ခုအဖြစ် ရေရှည်တည်ရှိနေမှာဖြစ်တဲ့အကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

## သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ်ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ကင်းလွတ်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ သဘာဝဓာတ်ငွေ့အသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုစရိတ်ကို လျော့ကျစေရေးနှင့် အများပြည်သူအနေဖြင့် ဓာတ်အားခဈေးနှုန်းသက်သာစေရေးတို့အတွက် ထိန်းညှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၃။ အဆိုပါ အခွန်ကင်းလွတ်ခွင့်သည် ဖော်ပြပါကာလအတွင်း အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အတွက်သာ အကျုံးဝင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

ဖျာပုံ မေ ၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် (၁၀၀)စီမံချက်ဖြင့် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ကျုံဖဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ယမန်နေ့နံနက်ပိုင်းက ဖျာပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ကျုံဖဲကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းသည် အရှည်ပေ ၄၀၀ အကျယ် ၁၀ ပေ ထု ၆ လက်မဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၅ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ်၁၂ ဒသမ ၄၉၆ သိန်း စုစုပေါင်းငွေကျပ် ၂၇ ဒသမ ၄၉၆ သိန်းဖြင့် ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာပြည်သူများကိုယ်တိုင် ဧပြီလစတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးသွားပါက အဆိုပါကွန်ကရစ်လမ်းအား ရာသီမရွေးအသုံးပြု၍ ဖျာပုံ-ကျိုက်လတ် အဝေးပြေးကားလမ်းမကြီးသို့တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့်အတွက်ကြောင့် ကျေးရွာရှိပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဖျာပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**

မြန်မာနိုင်ငံကြက်ခြေနီအသင်း Myanmar Red Cross Society

# ကမ္ဘာ့ကြက်ခြေနီနေ့
## World Red Cross Day

ညီညွတ်မှုအားနဲ့တို့ကူညီ လူသားချင်းစာနာတဲ့ကြက်ခြေနီ

United in Humanity

၂၀၂၆ ခုနှစ်၊ မေလ(၈)ရက်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚C | / | ၃၈˚C |
| ရန်ကုန် | ၂၆˚C | / | ၃၉˚C |
| မန္တလေး | ၂၆˚C | / | ၃၉˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

# တာဝန်ကျေပွန် ရဲရင့်မွန်မြတ် ဂုဏ်ဒြပ်များဖြင့် အိမ်ပြန်ခဲ့ပြီ

ကျော်တေဇ(ဥက္ကလာ)

လူသားတိုင်း အိမ်ပြန်ခဲ့ဖူးကြမှာပါ။ မူကြိုကနေ အိမ်ကိုပြန်ခဲ့ဖူးတယ်။ ကျောင်းကနေအိမ်ကိုပြန်ခဲ့ဖူးတယ်၊ တက္ကသိုလ်ကနေ အိမ်ကိုပြန်ခဲ့ဖူးတယ်။ အလုပ်ကနေ အိမ်ကို ပြန်ခဲ့ဖူးတယ်။ ခွဲခွာချိန်ကြာမြင့်လေလေ အိမ်အပြန်ခရီးဟာ ပိုပြီးပျော်ရွှင်စရာကောင်းလေလေပါပဲ။ တချို့များဆို မိသားစုများနဲ့ ပြန်ဆုံတွေ့တဲ့အခါ ပျော်ရွှင်လွန်းလို့ မျက်ရည်များတောင် ကျတတ်ကြပါသေးတယ်။ အခုဆိုလည်း ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁)က ပြည်သူ့စစ်မှုထမ်းစစ်သည်တော်ဟောင်းတွေဟာ နှလုံးသားတို့စုစည်းရာ မိသားစုတွေဆီ ပျော်ရွှင်စွာပြန်နိုင်ခဲ့ကြပါပြီ။

မိသားစုတွေနဲ့ နှစ်နှစ်တိုင်တိုင် ဝေးကွာခဲ့လို့ သူတို့အိမ်အပြန်ခရီးတချို့မှာ ပျော်ရွှင်မှုက ဖြစ်တည်လာတဲ့ မျက်ရည်စများကို တွေ့မြင်ရပါသေးတယ်။ ဒါကတော့ လူတွေမြင်တဲ့ မျက်ရည်စတွေပါ။ သူတို့ ဘဝသူတို့ခရီးမှာ လူတွေမြင်တွေ့ခွင့်မရတဲ့မျက်ရည်စတွေရှိခဲ့မှာပါ။ ဒီမျက်ရည်စတွေကိုတော့ သူတို့တစ်တွေသာ သိနိုင်ပါတယ်လို့ ကနဦးဆိုလိုချင်ပါတယ်။ ပြည်သူ့စစ်မှုထမ်းများရဲ့ ဘဝခရီးအစကို ပြန်အောက်မေ့ကြရအောင်ပါ။

သူတို့ရဲ့ဘဝခရီးအစဟာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်အတည်ပြုခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အတူ မရှေးမနှောင်းသန္ဓေတည်ခဲ့တာပါပဲ။ ဥပဒေနဲ့ အသားမကျသေးချိန်၊ နိုင်ငံတော်ရဲ့ ကြုံတွေ့ခဲ့ရတဲ့အခြေအနေအရပ်ရပ်ကို ဖြတ်သန်းနေရချိန်တွေကြားမှာ သူတို့ဘဝ အမြုတေဖြစ်ခဲ့ကြတာပါပဲ။ နိုင်ငံတော်ရဲ့ ကာကွယ်ရေးအင်အားတောင့်တင်းမှုကို နည်းမျိုးစုံနဲ့နှောင့်ယှက်ဝါဒဖြန့်ခဲ့ကြတဲ့ ဒဏ်တွေကိုလည်း သူတို့ခံခဲ့ကြပါသေးတယ်။ မည်သို့ဆိုစေ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးအတွက် သူတို့နှလုံးသားတွေ ရဲရင့်နိုင်ခဲ့ကြပါတယ်။

သင်တန်းကာလပြီးဆုံးတဲ့အခါမှာလည်း သက်ဆိုင်ရာပညာအရည်အချင်းအလိုက် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့တွေမှာ တာဝန်ပေးအပ်ခြင်းခံခဲ့ရပါတယ်။ သတ်မှတ်စံနှုန်းများနဲ့အညီ အဆင့်တံဆိပ်များတပ်ဆင်ကာ တာဝန်ပေးခြင်းကိုလည်း ခံခဲ့ရပါတယ်။ တိုင်းစစ်ဌာနချုပ်အလိုက် စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်တွေကို ဦးလည်မသုန်ထမ်းဆောင်ခဲ့ကြပါတယ်။ ပြည်သူ့စစ်မှုထမ်းဆိုပေမယ့် သူတို့ရဲ့ ရဲစွမ်းသတ္တိအပြည့်နဲ့ တိုက်ပွဲဝင်ခဲ့တဲ့ တိုက်စွမ်းရည်တွေဟာ တိုက်ပွဲရဲ့ အောင်မြင်မှုများနဲ့အတူ ပန်းသတင်းလေညင်းဆောင်သလို ထွက်ပေါ်လာခဲ့ပြန်တယ်။

တောင်ခမ်းတိုက်ပွဲ၊ နောင်ချိုတိုက်ပွဲစတဲ့တိုက်ပွဲတွေအပါအဝင် အခြားသော တိုက်ပွဲနယ်မြေတွေမှာ သူတို့ရဲ့ရဲရင့်ရင့် စွမ်းဆောင်ခဲ့ကြတယ်။ ပြည်သူ့စစ်မှုထမ်းပင်ဖြစ်ပါစေ မည်သူမဆို စစ်သည်တော်ကောင်းတွေဖြစ်အောင် ကနဦးကျင့်ကြံရတာပဲဖြစ်ပါတယ်။ စစ်သည်တော်ကောင်းတွေအဖြစ် ယမ်းငွေ့ကြားမှာ ရဲရင့်ပျော်ရွှင်ခဲ့ကြတဲ့ သူတို့ပုံရိပ်များကို နိုင်ငံပိုင်သတင်းစာ၊ မီဒီယာတွေမှာသာမက လူမှုကွန်ရက်အသွယ်သွယ်မှာလည်း တွေ့မြင်ခဲ့ရတယ်။ တစ်ခါတစ်ရံ သူတို့ကိုယ်ပိုင်လူမှုကွန်ရက်တွေမှာလည်း စာရေးသူတွေ့မြင်ခဲ့ဖူးပါတယ်။ ရဲရင့်ပျော်ရွှင်စွာ စီးမျောပါဝင်သွားနိုင်ခဲ့တဲ့ သူတို့ပုံရိပ်များဟာ နိုင်ငံတော်ရဲ့ ကာကွယ်ရေး အင်အားတောင့်တင်းမှု၊ နိုင်ငံသားတို့ရဲ့ ကာကွယ်ရေးစွမ်းအား ခိုင်မာလာမှုကို



သက်သေညွှန်းဆိုခဲ့ခြင်းတစ်မျိုးပါပဲ။ တိုက်ပွဲထူးချွန်မှုတွေကြောင့် နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲများကလည်း ချီးကျူးဂုဏ်ပြုမှုတွေ၊ အဆင့်တိုးမြှင့်ပေးခြင်းတွေ၊ စွမ်းရည်ဘွဲ့တံဆိပ်တွေပေးအပ်ချီးမြှင့်ခဲ့ကြတယ်။ ဒီကမ္ပည်းမှတ်တိုင်များဟာ သူတို့ရဲ့သားစဉ်မြေးဆက်များအတွက် အခွင့်သာတိုင်း ထုတ်ပြလှစ်ဟစရာ သမိုင်းမှတ်တိုင်များအဖြစ်ရှိနေကြမှာပဲဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းများနဲ့ တပ်မတော်ကြားမှာ အပြန်အလှန်အကျိုးပြုတဲ့ အကြောင်းတရားလေးတွေကိုလည်း စာရေးသူတွေ့မြင်ခဲ့ရပါသေးတယ်။ ဒါတွေကတော့ သူတို့ပြင်ပနယ်ပယ်အသီးသီးမှာ တတ်မြောက်ကျွမ်းကျင်ခဲ့ကြတဲ့ အတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်များပဲဖြစ်ပါတယ်။ စာရေးသူတွေ့ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းအချို့မှာ အဲကွန်းလုပ်ငန်းမှာ ကျွမ်းကျင်သူတွေ၊ ပြည်ပဘာသာစကားသင်တန်းဖွင့်လှစ်သင်ကြားသူတွေ၊ စက်မှုပစ္စည်းများဆိုင်ရာ လုပ်ငန်းနယ်ပယ်ကသူတွေ၊ ယာဉ်မောင်းကျွမ်းကျင်သူတွေ စတဲ့ကဏ္ဍစုံအတတ်ပညာများ ကျွမ်းကျင်သူတွေကို တွေ့ခဲ့ရပါတယ်။ အခြားသော အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်သူတွေလည်း ပါဝင်နိုင်ပါသေးတယ်။

အချို့သော တပ်ဖွဲ့တွေအနေနဲ့ သူတို့ ကျွမ်းကျင်တဲ့ အတတ်ပညာတွေအလိုက် တပ်ဖွဲ့ရဲ့ပညာရပ်ပိုင်းဆိုင်ရာဌာနများမှာ တာဝန်ပေးအပ်နိုင်ခဲ့တာကို တွေ့ရပါတယ်။ အချို့သောတပ်ဖွဲ့တွေမှာတော့ သူတို့ ကျွမ်းကျင်ခဲ့ရာ အတတ်ပညာများကို ပြန်လည်အသုံးချနိုင်မှုမရှိသေးတာမျိုးကိုလည်း တွေ့ရပါတယ်။ ဥပမာ စာရေးသူတွေ့ခဲ့တဲ့ ပြည်ပဘာသာစကားသင်တန်းဖွင့်လှစ်သင်ကြားသူဆိုပါစို့။ သူ့ရဲ့အတန်းပညာအရည်အချင်းကြောင့် တပ်ဖွဲ့ကို ရောက်လာတယ်။ တပ်ဖွဲ့ရဲ့ပညာရပ်များကို သင်ကြားပေးပြီး တာဝန်ပေးအပ်နိုင်ခဲ့တယ်။ သူတတ်မြောက်ထားတဲ့ ဘာသာစကားကျွမ်းကျင်မှုကို တပ်ဖွဲ့က ပြန်လည်အသုံးမချနိုင်ခဲ့ပါဘူး။

ဒီလို ပြည်သူ့စစ်မှုထမ်းကိုပိုင်ဆိုင်တဲ့ တပ်ဖွဲ့အနေနဲ့ဆိုရင် တပ်တွင်းက မိသားစုဝင်ကလေးများကို နွေရာသီမှာဖြစ်ဖြစ်၊ ကျန်အချိန်ပိုင်းတွေမှာပဲဖြစ်ဖြစ် သင်တန်းဖွင့်ပြီး တာဝန်ပေးအပ်နိုင်မယ်ဆိုရင် အကျိုးရှိနိုင်ပါတယ်၊ ကလေးငယ်များလည်း ဘာသာစကားတစ်မျိုး ကျွမ်းကျင်မှုရနိုင်သလို ဒီပြည်သူ့စစ်မှုထမ်းအတွက်လည်း ဘာသာစကားကို စစ်မှုထမ်းဆောင်နေချိန်မှာ ပိုမိုလေ့လာခွင့်ရနိုင်ပါတယ်။ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့သဘောပေ့ါ။ ဒါကြောင့်တပ်ဖွဲ့အလိုက်ကိုယ့်ဆီကိုတာဝန်ကျ၍ရောက်ရှိလာတဲ့ ပြည်သူ့စစ်မှုထမ်းတွေရဲ့ မူလအရည်အချင်းအမှန်ကို စိစစ်မေးမြန်းပြီး တပ်ဖွဲ့တွင်းမှာ အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ဖို့ အကြံပြုလိုပါတယ်။

လက်ရှိနှစ်ပြည့်လို့ အိမ်ပြန်သွားသူတွေကို နှစ်နှစ်တာကာလအတွင်းမှာ သူတို့ဆီက တာဝန်ထမ်းဆောင်မှုတစ်ခုသာရလိုက်ပြီး တပ်ဖွဲ့အလိုက် သူတို့မူလအရည်အချင်းကိုအသုံးချပြီး ကျန်တာမရလိုက်ဘူးဆိုပါစို့။ တပ်မတော်ကြီးကတော့ သူတို့ကို လက်ဆောင်ကောင်းတွေ ပေးလိုက်နိုင်ပါတယ်။ ဒါတွေကတော့ တပ်မတော်ရဲ့ ကျောရိုးမဏ္ဍိုင်ဖြစ်တဲ့ အမိန့်နာခံတတ်မှု၊ စည်းကမ်းကောင်းမွန်မှု၊ ရဲဘော်စိတ်၊ စစ်ပညာ၊ အဖွဲ့အစည်းစိတ်ဓာတ်၊ ရဲရင့်မှုစတဲ့တပ်မတော်သားဘဝရဲ့ လှပတဲ့အမြုတေများပါပဲ။ တာဝန်ထမ်းဆောင်နေတဲ့သခိုက်မှာတော့ သူတို့နေအိမ်လွမ်းစိတ်တွေဖြစ်ခဲ့ကြမှာပါ။ နုနယ်တဲ့ ပြည်သူ့စစ်မှုထမ်းဘဝမို့ အရပ်ထဲက မိသားစုတစ်တွေကို အကြိမ်ကြိမ်လွမ်းခဲ့ကြမှာပါ။ နှစ်ပြည့်တဲ့ အိမ်ပြန်ချိန်ကို သူတို့အကြိမ်ကြိမ်တမ်းတခဲ့ကြမှာပါ။

အမှတ်စဉ်(၁)တွေကတော့ နှစ်ပြည့်လို့ အိမ်ပြန်ခဲ့ကြပါပြီ။ အိမ်ပြန်ချိန်မှာလည်း ရပ်ထဲ၊ ရွာထဲက သောင်းသောင်းဖြဖြနဲ့ ကြိုဆိုကြတာကိုလည်း တွေ့မြင်ရပါတယ်။ သူတို့အိမ်ပြန်ချိန်ကို ကြိုဆိုကြပုံများက အမြဲတမ်းတပ်မတော်သားများရဲ့ ခွင့်ပြန်ချိန်မှာ ကိုယ်စားဝင်ခံစားမိစေလောက်တဲ့ စိတ်ကူးခံစားချက်တစ်ခုကိုပင် ဖြစ်ပေါ်နိုင်ပါသေးတယ်။ တာဝန်ထမ်းဆောင်ချိန်မှာ နေအိမ်လွမ်းစိတ်ဖြစ်ခဲ့ပေမယ့် ယခု အိမ်ပြန်ပြီး မူလပြည်သူတစ်ယောက်အနေနဲ့ ပြန်နေရဖို့ဆိုရင် သူတို့တပ်လွမ်းစိတ်မဖြစ်နိုင်ဘူးလား။ စဉ်းစားကြည့်စရာပါ။

ဘာကြောင့်လဲ။ **တပ်ထဲမှာ သူနဲ့အတူတူ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဆိုးတူကောင်းဖက် ရဲဘော်ရဲဘက်တွေ ကျန်နေခဲ့ရတယ်။ ပြည်သူ့စစ်မှုထမ်းဆိုပေမယ့် အားလုံးကို တပ်မတော်သားပဲဆိုတဲ့ အမြင်တစ်ခုနဲ့ အထက်အရာရှိတွေ၊ ဆရာသမားတွေ၊ သူငယ်ချင်းတွေက ဆက်ဆံခဲ့ကြတာမဟုတ်ပါလား။ နှစ်နှစ်ပြည့်ရင် အိမ်ပြန်ကြမယ့်သူတွေဆိုတဲ့ အတွေးနဲ့ သူတို့ကိုဆက်ဆံခဲ့ကြတာမဟုတ်ပါဘူး။ ဒါ့အပြင် တပ်မိသားစုများကပါ ပျော်ကာတစ်လှည့်၊ ဝမ်းနည်းတစ်ဖုံ၊ ကျွေးမွေးတစ်လှည့်၊ ဝိုင်းလုပ်ဝိုင်းစားတစ်ဖုံ ရသစုံနဲ့နေခဲ့ကြတဲ့ ပုံရိပ်များကလည်း ရှိခဲ့ကြတာမဟုတ်ပါလား။ သူတို့နောက်ကို မသိမသာကပ်ငြိတွယ်သွားတာကတော့ ရဲဘော်စိတ်၊ မိသားစုစိတ်ပါပဲ။ ရဲဘော်စိတ်ဆိုတာ မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာတရားတွေနဲ့ ရစ်ပတ်ထုံးဖွဲ့ထားတာပါ။ သူတို့နှလုံးသားကိုကပ်ငြိတွယ်သွားပုံကို သူတို့သတိမထားမိလောက်ပါဘူး။ တိုက်ဆိုင်မှုရှိခဲ့ရင်တော့ သေချာပါတယ်။ "တပ်လွမ်းစိတ်" ဆိုတာ တစ်ကြိမ်မဟုတ်တစ်ကြိမ် ဖြစ်ပေါ်လာမှာပါပဲ။**

ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားရှင်က ပဋ္ဌာန်းဒေသနာတော်မှာ ဟောကြားထားတာရှိပါတယ်။ သေနာသနမ္ဗိ ဥပနိဿယ ပစ္စယေနပစ္စယောတဲ့။ အိမ်၊ ကျောင်း၊ အိပ်ရာ၊ နေရာတို့သည်လည်း အားကြီး၍မှီရာသတ္တိဖြင့် ကျေးဇူးပြုတတ်၏တဲ့။ သူတို့ဟာ လောကီလူသားတွေဖြစ်တာမို့ အကျိုးအကြောင်းဆက်စပ်ဖြစ်ပေါ်ရာ ပဋ္ဌာန်းဒေသနာတော်တွေကို လွန်ဆန်လို့ရမှာမဟုတ်ပါဘူး။ နှစ်နှစ်တာနေခဲ့ဖူးတဲ့ တပ်ကလေးတွေ၊ အတူတူတိုက်ပွဲဝင်ရင်းနေခဲ့ကြတဲ့ ရှေ့တန်းစခန်းလေးတွေကအစ သူငယ်ချင်းများနဲ့ သောက်ခဲ့ကြတဲ့ လက်ဖက်ရည်ခွက်လေးတွေအဆုံး သူတို့သတိရနေကြမှာပါ။ အဲ့ဒါ စာရေးသူပြောချင်တဲ့ "တပ်လွမ်းစိတ်"ပါပဲ။ စာဖတ်သူများအနေနဲ့လည်း မိမိရောအိမ်ကနေခဏတစ်ဖြုတ်ထွက်သွားပြီး တစ်နေရာတည်းခိုခဲ့တယ် ဆိုပါစို့။ အိမ်ပြန်ရောက်တဲ့အခါ " ဩော် ငါအခုအချိန်ဆို အဲ့ဒီနေရာမှာ ဘာလုပ်နေပြီ ပျော်ခဲ့ရတယ်၊ စိတ်ချမ်းသာခဲ့ရတယ်" ဆိုတဲ့ စကားမျိုးပြောမိကြမှာပါ။ ဒါဟာ လောကီလူသားတိုင်း ဖြတ်တောက်ဖို့ခက်ခဲတဲ့ ဥပနိဿယပစ္စယောပါပဲ။ ယနေ့ အိမ်ပြန်ခဲ့ကြတဲ့ ပြည်သူ့စစ်မှုထမ်းအချို့လည်း ဒီခံစားချက်ကို မလွဲမသွေခံစားကြရမှာပါ။ စိတ်ဆိုတာ အာရုံကြိုးတန်းပေါ်မှာ လျှောက်လှမ်းငြိတွယ်တတ်တဲ့ သဘာဝကိုသိသူအဖို့ "တပ်လွမ်းစိတ်" ဆိုတာ သူတို့အတွက် တစ်ချိန်တော့ဖြစ်တည်လာမယ်ဆိုတာ ကြိုတင်ခန့်မှန်းမိတဲ့သဘောပါပဲ။

**ဒီလိုလွမ်းမိလို့ မိမိတာဝန်ထမ်းဆောင်ခဲ့ရာ တပ်ကို အလွမ်းပြေပြန်ကြမယ်ဆိုလည်း တပ်နဲ့ တပ်မိသားစုတွေက အမြဲနွေးထွေးစွာ ကြိုဆိုနေကြဦးမှာပါ။ အမြဲတမ်းတပ်ဖွဲ့ဝင်အဖြစ် တာဝန်ဆက်လက်ထမ်းဆောင်မယ်ဆိုလည်း တပ်မတော်ကြီးက တံခါးဖွင့်ကြိုဆိုနေမှာပဲဖြစ်ပါတယ်။** ယခုဆိုရင် ရှေ့လူတွေ အိမ်ပြန်နိုင်ကြလို့ မကြာခင် နှစ်ပြည့်မယ့်သူများကလည်း တာစူနေကြပါပြီ။ တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့စစ်မှုထမ်းများကလည်း မိမိပန်းတိုင်ကို မျှော်တွေးရင်း စစ်ဆင်ရေး၊ လုံခြုံရေးနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ကြိုးပမ်းထမ်းရွက်နေလျက်ရှိပါတယ်။ သင်တန်းတက်ရောက်နေကြသူများကလည်း ခရီးအစကို ကြိုးစားအားထုတ်မှုများနဲ့ စတင်လျှောက်လှမ်းနေပြီပဲဖြစ်ပါတယ်။ ဒီနေရာမှာ တွေ့မြင်ရတဲ့ ရလဒ်ကတော့ နိုင်ငံတော်ရဲ့ကာကွယ်ရေး အင်အားခိုင်မာတောင့်တင်းခြင်းဆိုတဲ့ အချက်ပါပဲ။

စာရေးသူအနေနဲ့ ဆောင်းပါးတွေမှာ ရေးဖြစ်တယ်။ ပြည်သူ့စစ်မှုထမ်းအချို့ကိုလည်း ပြောဖြစ်တယ်။ "တို့နိုင်ငံကို တို့လူမျိုးမှမကာကွယ်ရင် ဘယ်သူတွေက လာကာကွယ်ကြမှာလဲ၊ တို့နိုင်ငံကို တို့တပ်မတော်မှ မကာကွယ်ရင် ဘယ်တပ်မတော်က လာကာကွယ်ပေးမှာလဲ၊ ဒါဟာ ငါတို့မိသားစုအိမ်တွင်းရေးမဟုတ်ဘူးလား" ဆိုတာကို သူတို့နဲ့တွေ့တိုင်း ပြောဖြစ်ခဲ့ပါတယ်။ ဒီလိုပါပဲ။ တာဝန်ထမ်းဆောင်ပြီး အိမ်ပြန်ခဲ့ကြတဲ့ ပြည်သူ့စစ်မှုထမ်းစစ်သည်တော်တွေ၊ တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့စစ်မှုထမ်းစစ်သည်တော်တွေကိုလည်း ဒီဆောင်းပါးက တစ်ဆင့် ဒီစကားကိုဆက်အမှာပါးချင်ပါတယ်။

မည်သို့ပင်ဆိုပါစေ၊ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁)တွေ သူတို့အိမ်ပြန်ခဲ့ကြပါပြီ။ တာဝန်တွေ ထမ်းဆောင်ရင်း နှစ်နှစ်တာလွမ်းခဲ့ရတဲ့ သူတို့အိမ်လေးတွေကို သူတို့ပြန်ရောက်ခဲ့ပါပြီ။ တာဝန်ကျေပွန် ရဲရင့်မွန်မြတ် ဂုဏ်ဒြပ်များဖြင့် ပြန်ချင်စိတ်ကြောင့် ပြန်ခွင့်ရခဲ့သော်ငြား မသိမသာကပ်ငြိတွယ်ခဲ့ သံယောဇဉ်ကြောင့် အမှတ်ရရင်း တမ်းတစိတ်နဲ့ လွမ်းစိတ်ဝေဦးမည်မှာလည်း ဖြစ်မြဲဓမ္မတာပင်မဟုတ်ပါလား။ ။

✯ စာမျက်နှာ ၁၇ မှအဆက်

အဓိကထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

သမဝါယမစနစ်မှတစ်ဆင့်ကျေးလက်နေပြည်သူများ စီးပွားပိုမိုဖြစ်ထွန်းလာစေပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးမူကြီး(၅)ရပ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး စသည်တို့ကိုအခြေခံ၍ သမဝါယမစနစ်ကို ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပင် သမဝါယမစနစ်ကိုကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ဒေသအလိုက်ဖူလုံမှုရှိစေရေး လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို မိမိတို့ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်းဆောင်ရွက်သွားရန် လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်သုံးဆီများနှင့်ပတ်သက်၍ တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ထားနိုင်ကြောင်း၊ ဆီသိုလှောင်မှုများနှင့်ဖြန့်ခွဲမှုများ စနစ်တကျဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကို ကြည့်၍ ဆောင်ရွက်**

ထို့နောက်နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ တရားမဝင်ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်မှုများမရှိစေရေးနှင့် စစ်ဆေးရေးဂိတ်များအနေဖြင့် စည်းကမ်းတကျ စစ်ဆေးဆောင်ရွက်စေရေး အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စီမံကိန်းများနှင့်ပတ်သက်၍ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်အောင်မြင်အောင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက် ဆောင်ရွက်ရန်လုပ်ငန်းများကိုလည်း အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်ရေး အရှည်ကိုမြော်တွေးပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေနေရာများကို အသုံးချရာတွင်လည်း အရှည်ကိုမြော်တွေးပြီး Master Plan များ ကြိုတင်ရေးဆွဲကာ စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်သည်များရှိသကဲ့သို့ ဒေသအလိုက် ဆောင်ရွက်ရသည်များလည်း ရှိပြီး ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်သွားကြရန် အလေးထား မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆဋ္ဌသင်္ဂါယနာတင်တွင်ပုံနှိပ်ခဲ့သည့် ဂျာမနီနိုင်ငံထုတ်ပုံနှိပ်စက်အပါအဝင် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲတွင်ပြသထားရှိ

ရန်ကုန် မေ ၆

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပတ်လမ်းတွင် ပြခန်းပြကွက်များဖြင့် မေလ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ အထိ ဖွင့်လှစ်ပြသလျက်ရှိရာ ယနေ့ လာရောက်လေ့လာသူ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။









ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင်အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပါအဝင် ပြကွက် ၁၀ ကွက်ဖြင့် ပြသထားရာ ပြကွက်(၈)တွင် ဆဋ္ဌသင်္ဂါယနာတင်တွင် ပုံနှိပ်ခဲ့သည့် ဂျာမနီနိုင်ငံထုတ် ပုံနှိပ်စက်နှင့်အတူခဲစာလုံးများ၊ ပိဋကတ်တော်ဆိုင်ရာ ပုံနှိပ်စာအုပ်မူကိုပြသထားသည်။

အဆိုပါ ပုံနှိပ်စက်သည် ဂျာမနီနိုင်ငံထုတ် ပုံနှိပ်စက်ဖြစ်ပြီး စက်အမျိုးအစားအမည်မှာ HEIDELBERG Letter Press၊ စက်၏တန်ဖိုးမှာ ၁၃၅၄၄ ကျပ်၊ ရိုက်နိုင်သည့်အရွယ်မှာ ၁၃ လက်မ x ၁၈ လက်မ၊ ရောက်ရှိသည့်ခုနှစ်မှာ ၁၉၅၄ ခုနှစ်၊ စက်၏သက်တမ်းမှာ ၇၂ နှစ်ရှိပြီး ပထမဆုံးဆဋ္ဌသင်္ဂါယနာတင် ပိဋကသုံးပုံကျမ်းစာအုပ်များကို ခဲစာလုံးဖြင့် စတင်ရိုက်နှိပ်ခဲ့သော ပုံနှိပ်စက်ဖြစ်သည်။



ယနေ့ပြပွဲသို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်၊ လှည်းကူးပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ရဟန်းရှင်လူပြည်သူများလာရောက်ကြည့်ရှုလေ့လာကြပြီး ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲတွင်ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဝင်ရောက်ဖြေဆိုနေသူများနှင့် စည်ကားနေသည်ကို တွေ့ရသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏက “သာသနာအတွက် တန်ဖိုးဖြတ်လို့မရတဲ့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့အကြောင်းအရာတွေကို မျိုးဆက်သစ်တွေ သိဖို့လိုပါတယ်။ ဒါမှသာလျှင် ဗုဒ္ဓဘာသာကို တန်ဖိုးထားတတ်လာမယ်။ သာသနာကိုတန်ဖိုးထားဖို့ ပြန့်ပွားဖို့ စတဲ့အရေးကြီးတဲ့အစိတ်အပိုင်းတွေ၊ ဗုဒ္ဓဘာသာရဲ့အနှစ်သာရတွေကို သိမြင်ပြီး သာသနာအတွက် မပျောက်ပျက်အောင်ထိန်းသိမ်းခဲ့တဲ့ သာသနာ့အမွေတွေကို သိမြင်လာနိုင်ပါတယ်”ဟုပြောသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် မဟာမင်္ဂလာအခမ်းအနားကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဧပြီလ ၃၀ ရက်မှ မေလ ၂ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲကို မေလ ၁၀ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

✯ ရှေ့ဖုံးမှအဆက်

တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ယခုထက်ပိုမို ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်**

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေး ပိုင်းဆိုင်ရာများနှင့်ပတ်သက်ပြီး “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ဟု ဆောင်ပုဒ်ချမှတ်ထားသည်နှင့်အညီ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေး ဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေဆောင် ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင် အဓိကကျသည့် ပို့ကုန်၊ သွင်းကုန်များကို လေ့လာဆန်းစစ်ချက်များအရ မိမိတို့နိုင်ငံမှ အထည်ချုပ်လုပ်ငန်းထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့လျက်ရှိပြီး ပြည်ပမှ လောင်စာဆီများ၊ စားသုံးဆီများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို တင်သွင်းနေရပြီး ကုန်သွယ်မှုလိုငွေ ရှိနေဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ယခုထက်ပိုမို၍ ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်သည်ဟု အဖြေထွက်မည်ဖြစ်ကြောင်း။

**ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည်များကို သင်ခန်းစာယူ၍ ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်**

မိမိတို့အစိုးရအဖွဲ့သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုမှ ၎င်းတို့၏စိတ်သဘောဆန္ဒများအလျောက် ဆန္ဒမဲပေးရွေးချယ်ပြီး ထွက်ပေါ်လာခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များမှ ရွေးကောက်တင်မြှောက်ထားသည့် ရွေးကောက်ခံ အစိုးရအဖွဲ့ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် တက်ကြွစွာဖြင့် စည်းကမ်းတကျလာရောက်၍ မဲရုံများ၌ ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ မဲပေးသူအများစုမှာ အသက် ၁၈ နှစ်နှင့် ၅၀ အကြားဖြစ်ကြကြောင်း၊ ၎င်းတို့၏သဘောဆန္ဒအလျောက် မဲပေးခြင်းဖြစ်ကြောင်း၊ မဲပေးရာတွင် စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကို ပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရ ဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ်ကြောင်း။

ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ပြီး အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ လူငယ်ပိုင်းနှင့် လူလတ်ပိုင်းများ အများစုဖြစ်ကြကြောင်း၊ ရွေးကောက်ပွဲတွင် ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ၆ ပါတီရှိခဲ့ကြောင်း၊ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ၁ ဦး ရွေးကောက်ခံခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်နှင့်အညီ အားလုံးပါဝင်သည့် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ်အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးလည်မသုန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများက ရွေးချယ်ထားသည့်အစိုးရဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့သော နိုင်ငံများအနေဖြင့် ပြည်သူများကရွေးချယ်ထားသည့် ဒီမိုကရေစီနည်းလမ်းနှင့်အညီ တာဝန်ထမ်းဆောင်နေသည့် မိမိတို့အစိုးရအပေါ်၌ ကန့်သတ်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများကို ဖိအားပေးလုပ်ဆောင်နေကြဆဲဖြစ်ကြောင်း၊ ဒီမိုကရေစီနည်းလမ်းတကျ မိမိဆန္ဒဖြင့် လာရောက်မဲပေးကြသူများကို ဒီမိုကရေစီနိုင်ငံများမှ တန်ဖိုးထားရန်လိုပါကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ ဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့်လျော်ညီသည့် ပြောင်းလဲမှုများကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း အားနည်းချက်ရှိသည်များကိုပြင်ဆင်၍ ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်သည်များကို ထိန်းသိမ်းသွားကြရန်လိုကြောင်း။

**သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေး**

သွင်းကုန်ကဏ္ဍတွင် စားသုံးဆီနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ပမာဏများစွာ တင်သွင်းနေရဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံများစိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရခြင်းမှာ မဖြစ်သင့်ကြောင်း၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးက စနစ်တကျဖြင့်ဆောင်ရွက်ကြစေလိုကြောင်း၊ ပို့ကုန်ကဏ္ဍတွင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်ရှိသည့် လူဦးရေ၊ စားသုံးနိုင်မည့်ပမာဏနှင့် ဆန်ထွက်ရှိမှုတို့ကို တွက်ချက်၍ ပိုလျှံသည့် ဆန်တင်ပို့မှုပမာဏများကို တွက်ချက်ရနိုင်ကြောင်း၊ ပိုလျှံသည့် ဆန်ရရှိမှုနှင့် ဈေးကွက်ရရှိမှုအပေါ်မူတည်၍ ပို့ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ **“ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်”** ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ပေါ်ဆန်းမွှေးဆန်သည် နိုင်ငံတကာဈေးကွက်တွင် နာမည်ရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပို့ကုန်တစ်ခုဖြစ်သည့်အတွက် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံမှထွက်ရှိသည့် ကော်ဖီသီးနှံသည်လည်း ဝယ်လိုအားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို

❖ **နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ်အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့်ဦးဆောင်မှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးလည်မသုန် ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

❖ **မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံများစိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရခြင်းမှာ မဖြစ်သင့်၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အားလုံးက စနစ်တကျဖြင့်ဆောင်ရွက်ကြစေလို . . .**

❖ **ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့်မြန်မာ့ကော်ဖီ တို့ကို အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**

❖ **ပို့ကုန်များတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်သွားကြရန်လို . . .**

- **ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ တိုးတက်လာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုသကဲ့သို့ ဒေသအလိုက်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**
- **သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက် . . .**
- **လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဒေသအလိုက်ဖူလုံမှုရှိစေရေး လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို မိမိတို့ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လို . . .**

အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး စသည့် ရာသီသီးနှံများသည် နေ့စဉ်မပါမဖြစ် အသုံးပြုနေရသဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ပို့ကုန်များတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်သွားကြရန်လိုကြောင်း။

အသားငါးများ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်ပတ်သက်၍လည်း ဒေသတွင်းစားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲတို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း။

**ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းနှင့် MSME လုပ်ငန်းများကို အထူးအလေးထား အားပေးမြှင့်တင်၍ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ တိုးတက်လာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုသကဲ့သို့ ဒေသအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းသာယာလှပမှုနှင့် နှစ်လိုဖွယ်ရှိသည့်ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ခရီးသွားဝင်ရောက်မှုများလည်း တိုးတက်လာစေမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် သွားလာနေထိုင် စားသောက်မှုတို့တွင် အခြားသောဖွံ့ဖြိုးတိုးတက်နေသည့်ဒေသများ၊ နိုင်ငံများကိုအတုယူ၍ သွားချင်စဖွယ်၊ လာချင်စဖွယ်၊ နေချင်စဖွယ်ဖြစ်အောင် ဆောင်ရွက်ပြီး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့်ဒေသသို့ လာရောက်ကြသည့်ခရီးသွားများအားလုံး၏မှတ်ချက်ကောင်းကိုရရှိနိုင်ရေး နိုင်ငံသားတစ်ဦးချင်း၊ ဒေသခံတစ်ဦးချင်းစီမှစ၍ ကိုယ်စီအသိစိတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ **"အိမ်သာလျှင် ညှော်လာမည်"** ဟူသည့်စကားနှင့်အညီ သာယာလှပပြီး စည်းကမ်းစနစ်တကျရှိသည့် ပတ်ဝန်းကျင်ကောင်းကိုပုံဖော်ဖန်တီးနိုင်ရေး တာဝန်ရှိသူများအားလုံးက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုက်နာဆောင်ရွက်ရမည့် ဝန်ထမ်းများ၊ ကိုယ်စီအသိစိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည့် ပြည်သူများအားလုံးအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



ဒုတိယသမ္မတ ဦးညိုစောဆွေးနွေး တင်ပြစဉ်။

နိုင်ငံ့စီးပွားရေးအားကောင်းလာစေရေးအတွက် MSME လုပ်ငန်းများကို မဖြစ်မနေအားပေးမြှင့်တင်ကြရန်လိုပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် SME လုပ်ငန်းများကို အားထားနေရဆဲဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း MSME လုပ်ငန်းများကို အထူးအလေးထားအားပေးသွားရန်နှင့် ဒေသမှထွက်ရှိသည့်ကုန်ကြမ်းများကို အခြေခံသည့်ကုန်ထုတ်လုပ်မှုများကို အဓိကထား၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစု၊ လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ပြည်ပမှဝယ်ယူ၍ ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှထွက်ရှိသည့်ကုန်ကြမ်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ စီးပွားရေးမြှင့်တင်မှုလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းစွာဖြင့် နိုင်ငံတော်မှပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယခင်ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်နှင့်ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်မှနစ်နာဆုံးရှုံးခဲ့ရသည့် ငွေကြေးပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၄ သန်းနှင့် ငွေကျပ် ၂၂၆ ဒသမ ၁၀၇ ဘီလီယံ ဆုံးရှုံးခဲ့ရကြောင်း၊ ထိုကဲ့သို့မဖြစ်စေရေးအတွက် မိမိတို့အနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စဉ်းစားဆင်ခြင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်အနေဖြင့် များစွာဆုံးရှုံးနစ်နာရနိုင်သည်ဖြစ်သဖြင့် အဂတိမှုများနှင့်ပတ်သက်၍ အရေးယူရသည်များမဖြစ်ရန်လိုကြောင်း၊ အဂတိလိုက်စားမှုများမရှိစေရေး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက် ကြပ်မတ်ထိန်းသိမ်းကြရန်လိုကြောင်းဖြင့် မှာကြားသည်။

**သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နွေစပါးနှင့်မိုးသီးနှံများအတွက် လိုအပ်သော ယူရီးယားမြေဩဇာနှင့် စက်သုံးဆီများ တောင်သူလက်ဝယ်အချိန်မီရောက်ရှိရေး၊ သစ်စိမ်းမြေဩဇာနှင့် သဘာဝမြေဩဇာသုံးစွဲမှုကို မြှင့်တင်ပြီး အရည်အသွေးမမီသော မြေဩဇာများ ဈေးကွက်အတွင်း မပျံ့နှံ့စေရန်ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နေကြာ၊ နှမ်း ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဆန်စပါး Export Zone များမှတစ်ဆင့် ပြည်ပတင်ပို့မှုမြှင့်တင်ရေး၊ ပဲပုပ်စိုက်ပျိုးရေး၊ ရေချိုပုစွန်သားဖောက်ထုတ်လုပ်ရေးနှင့် ပြည်တွင်းထုတ်မျိုးချောင်းများဖြင့် နို့စားနွားမျိုးစပ်လုပ်ငန်းများ အောင်မြင်ရေးဆောင်ရွက်လျက်ရှိမှု၊ လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းလမ်းဖြင့် သုံးစွဲနေမှုများကို ထိရောက်စွာတားဆီးရေးဆောင်ရွက်လျက်ရှိမှု၊ သမဝါယမအသင်းများမှတောင်သူများကို စနစ်တကျဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အသေးစားစက်မှုလုပ်ငန်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ဓာတ်မြေဩဇာများ တောင်သူများလက်ဝယ်သို့ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိလျက်ရှိမှု၊ အခြေခံကျသည့်မွေးမြူရေးလုပ်ငန်းများအား မှန်ကန်သည့်ကုန်ထုတ်လုပ်မှုများဖြစ်အောင် ဆောင်ရွက်လျက်ရှိမှု။

ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ သဘာဝဓာတ်ငွေ့များဖြန့်ဖြူးရာတွင် လေလွင့်ဆုံးရှုံးမှုများမဖြစ်စေရေး ဆောင်ရွက်ရန်လိုအပ်လျက်ရှိမှု၊ ထုတ်လုပ်မှုများတိုးမြှင့်ထုတ်လုပ်နိုင်ရေး ကမ်းလွန်စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးအတွက် သန်လျင်ရေနံချက်စက်ရုံအား ပြန်လည်တည်ဆောက်အဆင့်မြှင့်တင်လျက်ရှိမှု၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စက်သုံးဆီများ သယ်ဆောင်ဖြန့်ဖြူးပေးရာတွင် စနစ်တကျဖြင့်ရယူသုံးစွဲနိုင်ရေး Digital စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားများရရှိရေး သဘာဝဓာတ်ငွေ့နှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတို့အား အဓိကထားထုတ်လုပ်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားများလုံလောက်စွာရရှိစေရေး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေမှုများတွင် လေလွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးဆောင်ရွက်လျက်ရှိမှု။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းမှတ်ပုံတင်များပေးလျက်ရှိမှု၊ MSME ပြပွဲများ၊ ကုန်ထုတ်လုပ်မှုနှင့်လုပ်ငန်းစွမ်းဆောင်မှုမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ရန်လျာထားဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် အေဂျင်စီများဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများမြှင့်တင်နိုင်ရန်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ အားပေးဆောင်ရွက်မှုများကြောင့် MSME လုပ်ငန်းများ လျင်မြန်စွာဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အဆင့် MSME ပြပွဲများကျင်းပလာနိုင်မှု၊ ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်လျက်ရှိမှုနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဝါးအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများနှင့်စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပြင်ပသို့ရောက်ရှိနေသည့် ကလေးများ ကျောင်းပြန်တက်နိုင်ရေး Placement Test များစစ်ဆေး၍ အစိုးရကျောင်းများတွင် ပြန်လည်လက်ခံရေးနှင့် စနစ်တကျစာရင်းကောက်ယူဆောင်ရွက်နေမှု၊ ပုဂ္ဂလိကကျောင်းများ စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရေး စစ်ဆေးဆောင်ရွက်သွားရန်လိုအပ်မှုတို့နှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြပြီး ဒုတိယသမ္မတ ဦးညိုစောက ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များအား ပြီးပြတ်အောင်ဆောင်ရွက်သွားရန်လိုအပ်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးမှာကြား**

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိကကျကြောင်း၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ အာလူးများကို စိုက်ပျိုးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တစ်ဧကအထွက်နှုန်းများကောင်းရန်နှင့် အချက်အလက်များ မှန်ကန်မှုရှိရန်လိုကြောင်း၊ ဆန်တင်ပို့မှုများ တိုးတက်လာစေရေးအတွက် အရည်အသွေးကောင်းမွန်သည့်ဆန်များ စိုက်ပျိုးရရှိစေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ မန္တလေး၊ ရှမ်းပြည်နယ်တို့တွင် နေကြာ၊ ပဲပုပ်နှင့်နှမ်းကိုစိုက်ပျိုးကြပြီး လက်ရှိစိုက်ပျိုးဧကအတိုင်း တစ်ဧကပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းရရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတို့တွင် စပါး၊ ပဲ၊ နှမ်း၊ ပြောင်းတို့အပါအဝင် သီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးများအနေဖြင့် ပြည်ပပို့ကုန်ပိုမိုတိုးမြှင့်ရရှိနိုင်ရေး စိုက်ပျိုးရန်လိုသကဲ့သို့ ပြည်နယ်များအလိုက်လည်း ဒေသတွင်း စားရေးဖူလုံရေးအတွက်

စာမျက်နှာ ၁၅ သို့ ✭

# Myawady In English

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## President of the Republic of the Union of Myanmar U Min Aung Hlaing delivers speech at the Union Government meeting




President of the Republic of the Union of Myanmar U Min Aung Hlaing delivers a speech at the Union Government meeting.

NAY PYI TAW May 6

The Union government of the Republic of the Union of Myanmar held a meeting at the meeting hall of the Union government of the President's Office in Nay Pyi Taw this morning, with an address by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Union ministers, and the Nay Pyi Taw Council Chairman together with chief ministers of regions and states through the video conferencing.

**Efforts must be expedited for the State economy**

First, in his address, the President stated that with regard to the country's economic sector, the motto "Let us encourage production for the prosperity of the Nation" has been adopted. In line with this, it is necessary to promote domestic production and work towards economic development. Production is an essential activity for national economic growth. Regarding trade, based on analyses of key exports and imports, Myanmar is exporting garment products as well as agricultural and livestock products, while importing fuel, edible oil, construction materials, and other goods. As a result, a trade deficit still persists. Therefore, it can be concluded that greater efforts must be made to further strengthen the country's economy.

**Taking lessons from the experiences in successive eras to strive for development of the nation under the proper leadership**

The government is an elected administration, formed by representatives chosen by the people in a free and fair multiparty democratic general election, in accordance with the will of the people. Voters actively and orderly came to polling stations to cast their ballots. The majority of voters were between the ages of 18 and 50, and they voted in line with their own wishes. The fact that people queued systematically to vote demonstrates public support for the election as well as endorsement of the political initiatives undertaken by the State government.

The election that was held was free and fair, without voter fraud or errors in voter lists, and was conducted with dignity, making it a successful election. Out of a total of 24.23 million eligible voters nationwide, more than 13.13 million cast their votes, resulting in a voter turnout of 54.22 percent. The majority of voters were from the youth and middle-aged groups. A total of 57 political parties contested in the election, of which six parties competed across all regions and states. Representatives from 31 parties, along with one independent candidate, were elected to parliament. Such achievements demonstrate that an inclusive election, in line with democratic principles, was successfully held.

Drawing lessons from the country's historical experiences and past systems, the government must move forward with strong leadership to ensure national development. As a government elected by the people, it has the responsibility to work for the growth of the national economy. Some countries continue to impose restrictions and economic sanctions on the government, which is carrying out its duties in accordance with democratic principles and has been chosen by the people. Democratic nations are urged to value those who have exercised their right to vote of their own free will in line with democratic practices. Regardless of the circumstances, efforts will continue to be made to firmly strengthen the multi-party democratic system, and to build a Union based on democracy and a federal system. Reforms consistent with democratic principles will also be implemented.

In advancing along the path of democracy, it is necessary to achieve development that is in line with the times, while also preserving national characteristics without losing them. There is a responsibility to continuously safeguard matters relating to race, religion, traditions, and cultural heritage. Relevant ministries are also required to address existing weaknesses and take the necessary measures to ensure effective preservation and protection.

**Production of import-substitute goods and raising export sector**

In the import sector, the country still has to import large quantities of edible oil. As Myanmar is an agricultural country that grows oilseed crops, it is not appropriate to rely on imports for edible oil. Therefore, all regions and states cultivating oilseed crops such as sesame, sunflower, and soybean are urged to carry out systematic production. In the export sector, regarding rice exports, it is possible to calculate exportable surplus by taking into account the country's population, domestic consumption, and total rice production. Based on the availability of surplus rice and market access, export volumes can be further increased. It was emphasized that **"if prices are the same, quality must be better; if quality is the same, prices must be lower,"** and by adhering to this principle, greater market opportunities can be achieved. Myanmar's Pawsan rice is already well known in international markets and has strong demand, making it a key export commodity that should be further promoted. Similarly, coffee produced in Myanmar also has established demand. Therefore, efforts must be made to improve the quality of Myanmar Pawsan rice and Myanmar coffee and to meet market requirements in order to expand exports. In addition, kitchen crops such as garlic, onions, and potatoes, which are essential for daily consumption, should be continuously researched and developed to increase production. To boost exports overall, ongoing research and efforts are required to enhance production volume, improve quality, and secure market access.

Regarding the high prices of meat and fish, the President noted that if regional self-sufficiency in consumption can be achieved and expanded to nationwide sufficiency, prices of meat and fish are likely to decline. By increasing the production of animal feed based on locally produced agricultural outputs such as maize, broken rice, and rice bran, and by systematically developing the livestock sector, regional consumption needs can be met, which in turn would

See Page - 19 ●●

From Page - 18

help reduce rising prices.

**Promoting economic growth by prioritizing and encouraging domestic and international tourism and MSME businesses**

Regarding the economy, he stated that relevant ministries must coordinate to improve domestic and international tourism, while local officials and residents must also cooperate. He noted that if regional beauty and pleasant services can be developed, tourist arrivals will increase, leading to the improvement of local socio-economic lives. He emphasized that tourism services, including travel, accommodation, and dining, should emulate other developed regions and countries to make destinations attractive, inviting, and comfortable, striving for greater progress than at present. He stressed that every citizen and local resident needs to act with individual responsibility to ensure positive feedback from all visitors to the country and its regions. In accordance with the saying, **"If the house is pleasant, guests will visit,"** he urged all officials to supervise the creation of a beautiful and disciplined environment, while calling on staff to follow regulations and the public to maintain these standards with a sense of personal duty.

He stated that in order to strengthen the national economy, it is essential to encourage and promote MSME businesses, noting that even some developed countries still rely on SME sectors. He emphasized that regions and states must prioritize MSMEs, focusing particularly on manufacturing based on locally produced raw materials. He noted that MSME operations require raw materials, capital, inputs, and human resources. He explained that rather than purchasing raw materials from abroad, it would be more beneficial to utilize local resources for production. He added that the State is providing necessary initial capital loans and implementing required relaxations to ensure the progress of MSMEs. He also stressed the need to strive for the availability of necessary human resources and noted that MSME businesses based on agriculture and livestock must be developed as part of economic promotion efforts.

He also stated that civil servants must perform the duties assigned by the State with integrity and free from corruption to serve the interests of the State and its people. He noted that during the previous second democratic government's term, reckless actions by State and union-level officials resulted in losses for the State amounting to US$-13.344 million and Ks-226.107 billion. He emphasized that to prevent such occurrences, all operations must be carried out thoughtfully and in accordance with established procedures. He added that since corruption can cause significant damage to the nation, it is necessary to avoid situations that require legal action regarding graft. He concluded by urging officials at the union, region, and state levels to strictly supervise and maintain integrity to ensure there is no corruption.

**Discussion and presentations by respective ministries**

Following this, the Union Ministers discussed and presented their respective sectors, including the timely delivery of necessary urea fertilizers and fuel to farmers for summer paddy and monsoon crops, the promotion of green manure and natural fertilizer usage, and the strict supervision to prevent substandard fertilizers from spreading in the market. They also reported on efforts to achieve target yields for oilseeds such as sunflower and sesame, the promotion of rice exports through Export Zones, soybean cultivation, freshwater prawn hatchery production, and the success of dairy cow breeding using domestic pedigrees. Furthermore, they discussed the effective prevention of unauthorized use of farmland for other purposes, the support provided by cooperative societies for systematic agriculture and livestock farming, and the fulfillment of requirements for small-scale industries. The presentations also covered the distribution of fertilizers to farmers, the benefits gained from the "pay-after-harvest" system, and the transformation of basic livestock farming into proper production systems.

Afterward, they discussed the ongoing oil and natural gas production activities, the necessity of preventing losses during natural gas distribution, and the continued implementation of offshore projects to increase production. They also reported on the reconstruction and upgrading of the Thanlyin Oil Refinery to ensure domestic fuel sufficiency and the ongoing efforts toward national fuel security. Regarding distribution, they highlighted the use of digital systems to ensure systematic acquisition and consumption of fuel. To meet electricity demands, they noted that production primarily focuses on natural gas and hydropower, while solar power projects are also being implemented. Furthermore, they covered plans to increase power generation for sufficient supply and measures taken to prevent transmission and distribution losses.

The Union Ministers reported on measures taken to increase the development momentum of MSMEs, registration of MSMEs, plans to conduct production and capacity building training courses, granting capital loans for development of MSMEs, steps taken boost production of MSMEs, rapid development of MSMEs and organizing national-level expos thanks to supports of the Head of State, efforts made to increase domestic cotton production and development tasks for cotton-based industries, preparations made for manufacturing value-added bamboo products, development of industries and industrial zones, compilation of statistics and conducting placement tests to allow drop-outs to go to government schools again, the need for inspection of private schools for their compliance of disciplines, rules and regulations. Vice President U Nyo Saw made supplementary reports on expansion of union-level ministries and the need to complete remaining tasks for respective fiscal years.

**President make additional remarks on reports**

After hearing the reports, the President said agriculture is important for the economy of the country and major crops include sesame, sunflower, soy beans and potatoes. It is essential to boost per-acre yields and collect correct statistics. Measures must be taken to grow quality rice varieties to boost rice exports. Sunflower, soy beans and sesame are mainly grown in Magway, Sagaing, Ayeyawady and Mandalay regions and Shan State and efforts must currently be made to meet the targeted yields for cultivation acreages. Other crops including paddy, pulses and beans, sesame and corn thrive in Sagaing, Magway, Mandalay, Yangon, Ayeyawady and Bago regions. Regions which mainly carry out agriculture businesses are required to expand cultivation to boost exports while states are required to place emphasis on self-sufficiency of food and basic needs in their areas.

Rural residents will be prosperous and rural development tasks can be carried out through the cooperative system. It aims at economic growth of individuals. It is necessary to improve the cooperative system based on five rural development principles such as education, health, economy, electricity and water supply. The cooperative system is being adopted even in developed and developing countries. Therefore, it is important to place emphasis on rural development through the cooperative system.

In connection with electricity, efforts must be made to generate electricity from solar energy for sufficient electricity supply in respective regions. Similarly, measures must be taken to generate electricity from thermal energy. Checks must be conducted to prevent wastage and losses of electricity. As for fuel, the situation can be placed under control as much as possible and measures must be taken for systematic storage and distribution of fuel.

**Emphasis must be placed on long-term benefits in implementing regional and national development**

Then, the President made concluding remarks, saying systematic supervisory measures must be taken for smooth and secure commodity flow in respective regions and states. Similarly, systematic inspection supervision must be carried out at all levels at inspection checkpoints to prevent illegal trade and drug trafficking.

In implementing projects in respective ministries, regions and states, measures must be taken for systematic success of them. Long-term perspective must be adopted to achieve success in union- and region- and state-level projects during the term of the government. In land utilization, systematic measures must be taken by drawing master plans for long-term perspectives. Region development tasks can be carried out at the union-level as well as at the regional-level but everyone is solemnly urged to take systematic measures for long-term benefits. After the concluding remarks, the meeting came to an end.

**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# US greenlights bomb deal for Ukraine

WASHINGTON May 6

The administration of US President Donald Trump has approved the potential sale of precision-guided bomb kits worth US$-373.6 million to Ukraine, following congressional pressure over stalled arms deliveries.

The move was announced by the State Department on Tuesday, greenlighting a possible Foreign Military Sale of 1,532 JDAM-Extended Range (JDAM-ER) tail kits and related support equipment to Kiev. The equipment could be used to convert heavy bombs into GPS-guided munitions that can hit targets dozens of kilometers away. Boeing, headquartered in St. Louis, Missouri, is listed as the primary contractor.

The deal does not guarantee that the weapons will be delivered, while the figures represent the maximum quantity and value of the purchase, with details subject to further negotiations and congressional review.

"The proposed sale will improve Ukraine's capability to meet current and future threats by providing it with additional means to conduct self-defence missions and enhance regional security," the State Department said, adding that the package "will not alter the basic military balance in the region."Ukraine has used JDAM-ER systems since 2023, adapting them to Soviet-era aircraft while preparing for integration with Western equipment, including F-16 fighter jets. However, the system's reliance on GPS guidance has exposed vulnerabilities as Russian forces have increasingly used electronic warfare to jam signals, degrading the overall effectiveness of precision-guided munitions, according to Military.com. he sale approval comes after former Senate Republican leader Mitch McConnell – now the chair of the Senate Defence Appropriations Subcommittee – last week accused the Pentagon of freezing US$-400 million in congressionally approved Ukraine assistance. Following the criticism, Secretary of War Pete Hegseth later confirmed that the US$-400 million had been released.



Since his inauguration, Trump has been opposed to unconditional military support for Ukraine, but has not objected to selling arms. Rather than direct US funding, Washington has routed arms through the Prioritized Ukraine Requirements List (PURL) – a NATO mechanism under which European nations and Canada finance purchases of US-produced weapons for Ukraine in regular packages.

Moscow has consistently denounced Western arms deliveries to Ukraine, saying they only prolong the conflict without changing its outcome. It has also warned that shipments make NATO a direct participant in the hostilities.

**RT**

## At least 16 killed in bus-tanker truck collision in Indonesia's Sumatra



JAKARTA May 6

At least 16 people were killed after an intercity bus collided head-on with a tanker truck on a major highway on Indonesia's Sumatra island on Wednesday, local officials said.

The crash occurred at around 12:39 pm. local time on the Trans-Sumatra Highway in Karang Jaya District, South Sumatra Province. It involved a long-distance bus and a tanker truck traveling in the opposite direction, local media outlet Jakarta Globe reported.

Officials from the local disaster mitigation agency, BPBD, said emergency teams were deployed immediately to evacuate victims, many of whom were trapped inside the wreckage.

"Our team is on site with the traffic police to carry out evacuation efforts. Preliminary reports confirm 16 fatalities," Mugono, an official with the local BPBD, was quoted by state news agency Antara as saying.

Emergency responders, including BPBD personnel and traffic police, continued working into the afternoon to clear the site, identify victims and secure the area. Authorities said assisting survivors and ensuring safe evacuation remained the priority.

Further updates, including the identities of the victims and the cause of the crash, are expected as authorities continue their investigation.

**Xinhua**

## Cargo ship CGM San Antonio attacked in Middle East - Report

MOSCOW May 6

The cargo vessel CGM San Antonio came under attack in the Middle East on May 5, resulting in injuries among its crew, CBS reported on Wednesday, citing US officials.

The vessel, identified as CGM San Antonio and owned by a French company, was struck by a possible land-attack cruise missile in the Persian Gulf late Tuesday evening local time, the report said.

Several crew members were injured.The United Kingdom Maritime Trade Operations (UKMTO) confirmed that a cargo ship had been struck by a projectile in the Strait of Hormuz, but without disclosing its name.

At noon, the vessel was located near Dubai, but its subsequent course could not be tracked, CBS reported.

On May 3, US President Donald Trump announced "Project Freedom," an operation to assist vessels stranded in the Strait of Hormuz seeking to leave. He later announced a temporary pause in the vessel escort mission.

**Sputnik**

## Australia heatwave deaths could hit 6,000 annually by 2100: study

MELBOURNE May 6

Annual deaths linked to heatwaves in Australia could rise to nearly 6,000 by 2100 under climate change, up from about 250 deaths per year in 2016-2019, a study revealed on Wednesday.

The research found that in some of Australia's hottest regions, such as Thamarrurr in the Northern Territory, heatwave-related mortality will increase by 4,412 percent and, in the least heat-affected region, the West Coast region of South Australia, the impact will still be significant at 356 percent, said a statement from Australia's Monash University.

By the 2090s, average annual excess mortality rates are expected to reach 33.9 deaths per 100,000 people in the Northern Territory, followed by 18.4 in the state of Queensland and 12.8 in the state of New South Wales, said the study published in The Lancet Planetary Health.

"These projections underscore the urgent need for integrated mitigation and locally tailored adaptation strategies to address climate-related health inequities," said Monash University Professor Li Shanshan, the study's lead researcher.

Heatwaves, or prolonged periods of extreme heat, are linked to higher illness and death from cardiovascular, respiratory, renal and heat-related conditions, researchers said.

The team, examining climate data for more than 2,200 communities across Australia, said the impacts would fall disproportionately on vulnerable populations, including Indigenous communities and residents in rural and low-income areas, where access to cooling and medical resources is inadequate.

They warned that without coordinated mitigation and adaptation measures, climate change will substantially exacerbate the health impacts of extreme heat and strain public health resilience.

**Xinhua**

# Military columns recapture areas temporarily controlled by terrorist insurgents, successfully reopen Mandalay-Madaya-Thabeikkyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Namsiaung-Mohnyin-Mogaung-Myitkyina communication route

NAY PYI TAW May 6

The military is carrying out its national defence and security duties to ensure national stability and peace, which is the fundamental foundation for the country's development. In regions where terrorist insurgents have temporarily seized control and are committing violent acts, the military is conducting counter-terrorism operations to systematically recapture towns and villages, and reopening important communication routes for the public segment by segment. Today, it has been able to fully secure and reopen the entire Mandalay-Madaya-Thabeikkyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Namsiaung-Mohnyin-Mogaung-Myitkyina communication route, which is expected to lead to the socio-economic recovery and development of local ethnic people.



The map shows the Mandalay-Madaya-Thabeikkyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Namsiaung-Mohnyin-Mogaung-Myitkyina communication route the military columns have reopened.

This communication route connecting Mandalay to Myitkyina is a fundamental piece of infrastructure for the development of Myanmar's northern region. Using this route facilitates easier and faster travel and living for commuters and locals, as well as the flow of goods, leading to increased economic opportunities. It also speeds up cargo transport, reducing shipping costs, allowing local residents to buy and consume goods at lower prices, and strengthening inter-regional connectivity. Furthermore, this route is important for transporting agricultural products from rural areas to urban markets and helps provide access to education, healthcare, and social services. Thus, it is a highly beneficial route for the socio-economic development of local ethnic people.

The terrorist insurgent groups, known as PDFs, temporarily seized control of certain towns, villages, and regions for their own benefit, committing violent acts and blocking this crucial communication route. This caused difficulties in cargo transport and the flow of goods, leading to shortages of food and daily necessities, the inability to deliver medicine and emergency supplies, and a shortage of raw materials for businesses, preventing finished goods from reaching markets. Consequently, the daily socio-economic lives of local ethnic people drastically declined, and they bitterly suffered oppression and extortion by the terrorists, forcing them to flee their hometowns.

To reopen this communication route, military columns systematically organized and prepared, carrying out necessary administrative support operations. With balanced military tactics and strategies, they progressively recaptured and took control of towns and villages temporarily held by terrorist insurgents. Specifically, Thabeikkyin Town and its surrounding areas were recaptured on July 23, 2025; the Phayaungtaung mine area east of Madaya Town was recaptured on August 24 and the Alpha Cement Plant on August 28; the Sedawgyiarea was recaptured on November 7; the Singu area was recaptured on December 19; and the Mandalay-Madaya-Singu-Thabeikkyin route segment was reopened. Tagaung Town was recaptured on March 12, 2026, and the Mandalay-Madaya-Thabeikkyin-Tagaung route segment was reopened. The Tagaung-Htigyaing route was reopened on March 25, the Htigyaing-Katha route on April 16, and Indaw town was recaptured on April 30, thus securing the communication route from Mandalay city to Indaw Town. After painstakingly and progressively recapturing and controlling these areas, Mawlu Town was recaptured and secured on May 5. Today, military columns conducting area security operations in Namsiaung Village, Mohnyin Township, Kachin State, were able to reconnect and coordinate with other military columns to carry out area security operations. As a result, the **Mandalay-Madaya-Thabeikkyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Namsiaung-Mohnyin-Mogaung-Myitkyina** communication route has been reopened, allowing passenger vehicles and cargo trucks to travel normally again.

For the successful reopening of this communication route, military columns, disregarding their own safety, endured significant hardship and fought tenaciously with unwavering perseverance, diligence, and energy, cooperating with the public. Through strategically phased fierce fighting, they recaptured and secured control. The operation took over one year and three months, during which a total of 322 major and minor engagements with terrorist insurgents occurred. From the enemy, 138 bodies were recovered, and 332 various weapons, along with ammunition and related equipment, were seized. Some military officers and other ranks made the supreme sacrifice for the nation and the military.

During their temporary control of these areas, insurgents constructed bunkers in religious buildings, schools, government offices, hospitals, clinics, and private homes for cover. They launched attacks on military columns, planted mines between residential areas and along public transportation routes, detonated explosives in State-owned factories and workshops, exploited factory resources for personal gain, and damaged roads and bridges on key transport routes. As a result, the flow of goods in the region was disrupted, and the socio-economic conditions of local communities—including the economy, public health, education, and social stability—deteriorated significantly, causing widespread losses and hardship for both the State and the population.

Civilians whose socio-economic lives had been severely affected by acts of violence, and who had experienced the hardships of conflict, increasingly rejected further unrest and sought a return to peace in their communities. As a result, some discreetly shared information about armed groups with the Tatmadaw. In addition, certain members of PDF and ethnic armed organizations who chose to re-enter the legal framework and engage with the State's peace process also provided information to authorities to assist in efforts to curb violent activities.

With the Tatmadaw regaining control of cities, towns, and key transport routes that had been temporarily held by insurgent groups, travel has resumed and regional trade is now moving more smoothly and efficiently. As stability returns, socio-economic activities and education are beginning to recover. In many areas, local residents from townships and villages along the routes have welcomed Tatmadaw personnel with eugenia and garlands, expressing relief and hope after a period of disruption and reflecting a renewed sense of normalcy in their communities.

The Tatmadaw is undertaking necessary area-control operations in these regions and is working in coordination with relevant authorities to restore government buildings, homes, schools, and roads and bridges destroyed by the terrorists.

The government has invited ethnic armed organizations to engage in peace talks without preconditions, aiming to end armed conflict and address political issues through dialogue. It also noted that violence linked to PDF groups, reportedly influenced by the NUG and CRPH, has caused significant harm to the socio-economic well-being of local communities. Those wishing to support peace and national development are encouraged to contact nearby security forces and camps and return to the legal framework. The Myawaddy team also announced that travel along the **Mandalay–Madaya–Thabeikkyin–Tagaung–Htigyaing–Katha–Indaw–Mawlu–Namsiaung–Mohnyin–Mogaung–Myitkyina** route can now proceed normally, with improved safety and accessibility.

# မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၂၅-၂၀၂၆ ခုနှစ်၊ နှစ်ပတ်လည် အစည်းအဝေးကျင်းပပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၂၅-၂၀၂၆ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၆

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ တပ်နယ်တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက တက်ရောက်လာခဲ့ကြသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြစ်ကြီးနားစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းအထောက်အကူပြုပစ္စည်းများပေးအပ်

နေပြည်တော် မေ ၆

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်း၌ လေ့ကျင့်သင်ကြားလျက်ရှိသော အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁၀) သင်တန်းသား၊ သင်တန်းသူများအတွက် အထူးနေ့လယ်စာစားပွဲနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းစခန်း၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ သင်တန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀)မှ သင်တန်းသား၊ သင်တန်းသူများ၏သင်ခန်းစာများ စာတွေ့လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများ၏သင်ခန်းစာများ စာတွေ့လက်တွေ့လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးရာ သင်တန်းမှ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအတွက် သင်တန်းအထောက်အကူပြုပစ္စည်းများကိုပေးအပ်ရာ သင်တန်းသား၊သင်တန်းသူများက လက်ခံရယူပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊သင်တန်းသူများနှင့်အတူ အထူးနေ့လယ်စာကိုအတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀)မှ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ အထူးနေ့လယ်စာ အတူတကွသုံးဆောင်စဉ်။




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၃.၆˚C |
| မြင်းခြံ | ၄၁.၅˚C |
| အောင်လံ | ၄၁.၃˚C |
| သာယာဝတီ | ၄၁.၂˚C |
| မကွေး | ၄၁.၂˚C |
| ပခုက္ကူ | ၄၁˚C |
| တောင်တွင်းကြီး | ၄၁˚C |
| ဆင်ဖြူကျွန်း | ၄၁˚C |
| တောင်ငူ | ၄၀.၆˚C |
| ဇောင်းတူ | ၄၀.၆˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မော်လိုက် | (၁.၈၁)လက်မ |
| မိုးကုတ် | (၀.၈၇)လက်မ |
| နောင်ချို | (၀.၈၃)လက်မ |
| တောင်ကြီး | (၀.၆၃)လက်မ |
| မဒေါက် | (၀.၅၉)လက်မ |
| ကျောက်မဲ | (၀.၅၉)လက်မ |
| မိုင်းယန်း | (၀.၅၉)လက်မ |
| ပြင်ဦးလွင် | (၀.၅၅)လက်မ |
| ရွှေကျင် | (၀.၅၁)လက်မ |
| မြိတ် | (၀.၄၇)လက်မ |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | (၀.၄၇)လက်မ |
| လှိုင်လင် | (၀.၄၇)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၃ |
| ရှမ်း(မြောက်) | ၂၁ | ၃၁ |
| ရှမ်း(အရှေ့) | ၂၀ | ၃၂ |
| ရှမ်း(တောင်) | ၁၇ | ၂၇ |
| ချင်း | ၁၃ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၆ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၈ |
| နေပြည်တော် | ၂၆ | ၃၈ |
| မန္တလေး | ၂၆ | ၃၉ |
| မကွေး | ၂၆ | ၄၁ |
| ရခိုင် | ၂၅ | ၃၄ |
| ပဲခူး | ၂၄ | ၄၀ |
| ရန်ကုန် | ၂၆ | ၃၉ |
| ဧရာဝတီ | ၂၃ | ၃၈ |
| ကယား | ၂၀ | ၃၃ |
| ကရင် | ၂၄ | ၃၉ |
| မွန် | ၂၄ | ၃၉ |
| တနင်္သာရီ | ၂၅ | ၃၇ |

ာ ကျောဖုံးမှအဆက်

ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ**
**အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဟော်မုရေလက်ကြားနဲ့ ရေနံလောကရဲ့စနစ်ဟောင်း နိဂုံး




ဟော်မုရေလက်ကြားမှာ တင်းမာမှုတွေနဲ့အတူ ကမ္ဘာ့ရေနံလောကမှာ ဆယ်စုနှစ်ပေါင်းများစွာ စိုးမိုးထားတဲ့ စနစ်ဟောင်းကြီးဟာ အခုဆိုရင် လက်တွေ့ကျကျ နိဂုံးချုပ်သွားပြီလို့ပြောလို့ရပါတယ်။ ပြီးခဲ့တဲ့အပတ်က ဘရန့်ရေနံစိမ်းဈေးနှုန်းတစ်စည်ကို ဒေါ်လာ ၁၂၀ အထိ ထိုးတက်သွားခဲ့တာဟာ သာမန်ဈေးကွက်အတက်အကျထက် ပိုနက်ရှိုင်းတဲ့အဓိပ္ပာယ်ရှိပါတယ်။ ယူအေအီးနိုင်ငံက OPEC အဖွဲ့ကနေ နုတ်ထွက်လိုက်တာနဲ့ ဟော်မုရေလက်ကြားမှာ စစ်ရိပ်စစ်ငွေ့တွေ ပျံ့သန်းလာတာဟာ ရေနံလောကကို ဗဟိုချုပ်ကိုင်မှုနဲ့ ထိန်းကျောင်းခဲ့တဲ့ခေတ်ကြီး ကုန်ဆုံးသွားပြီဆိုတာကို အချက်ပေးလိုက်တာပါပဲ။ အရင်တုန်းကတော့ OPEC ဟာ ရေနံထုတ်လုပ်သူတွေစုပေါင်းပြီး ရောင်းလိုအားကို ထိန်းချုပ်မယ်၊ ကျန်တဲ့ကမ္ဘာ့နိုင်ငံများက ပင်လယ်ရေလမ်းကြောင်းတွေဘေးကင်းဖို့ အာမခံပေးမယ်ဆိုတဲ့ အပေးအယူနဲ့လည်ပတ်နေခဲ့တာပါ။ ဒါပေမဲ့ အခုအဲဒီအယူအဆဟာ အခြေအနေအပေါ်မှာပဲမူတည်တဲ့ ယာယီသဘောတူညီချက်သက်သက်ဖြစ်ခဲ့မှန်း အားလုံးကသိလာကြပါပြီ။

OPEC အတွင်းမှာဖြစ်ပေါ်နေတဲ့ အက်ကြောင်းတွေဟာ ယူအေအီးနိုင်ငံရဲ့ မဟာဗျူဟာအပြောင်းအလဲမှာ အထင်အရှား မြင်တွေ့နေရပါတယ်။ အဘူဒါဘီဟာ သူတို့ရဲ့ ရေနံထုတ်လုပ်မှုကဏ္ဍမှာ ဒေါ်လာဘီလီယံချီအကြီးအကျယ် ရင်းနှီးမြှုပ်နှံထားပြီး ၂၀၂၇ ခုနှစ်မှာ တစ်ရက်ကို ရေနံစည် ၅ သန်းအထိ ထုတ်လုပ်သွားဖို့ ရည်မှန်းထားတာပါ။ ဒါပေမဲ့ OPEC ရဲ့ရေနံထုတ်လုပ်မှုပမာဏကန့်သတ်ချက်တွေအောက်မှာ ရှိနေသရွေ့ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အရာမထင်ဘဲဖြစ်နေပါတယ်။ ယူအေအီးအနေနဲ့ အဖွဲ့အစည်းရဲ့ စည်းကမ်းတွေကိုလိုက်နာဖို့ထက် နိုင်ငံရဲ့ စီးပွားရေးလွတ်လပ်ခွင့်နဲ့ အနာဂတ်အာရှဈေးကွက်ကိုရယူဖို့က ပိုအရေးကြီးလာပါတယ်။ ဒီနေရာမှာ ယူအေအီးရဲ့လုပ်ဆောင်ချက်ဟာ OPEC အတွင်းရှိတခြားနိုင်ငံတွေအတွက်ပါ စံနမူနာတစ်ခုဖြစ်လာနိုင်ပြီး စုပေါင်းစည်းကမ်းထက် ကိုယ့်နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို ဦးစားပေးတဲ့ လမ်းကြောင်းဆီဦးတည်သွားစေပါတယ်။ အဘူဒါဘီရဲ့ ဒီခြေလှမ်းဟာ အခြားသော ရေနံထုတ်လုပ်သူတွေကိုလည်း သူတို့အတွက်ကိုယ်ပိုင်လမ်းကြောင်းကိုရှာဖွေဖို့ လှုံ့ဆော်ပေးလိုက်သလိုပါပဲ။

တစ်ဖက်မှာလည်း ကမ္ဘာ့ရေနံသွေးကြောလို့ တင်စားရတဲ့ ဟော်မုရေလက်ကြားရဲ့အခြေအနေဟာ အရင်ကထက် ပိုမိုစိုးရိမ်စရာ ကောင်းလာပါတယ်။ အီရန်နဲ့ အနောက်နိုင်ငံတွေကြားဖြစ်ပေါ်နေတဲ့တင်းမာမှုတွေကြောင့် ဒီလမ်းကြောင်း ပိတ်ဆို့ခံရနိုင်ခြေဟာ ဈေးကွက်ကို အမြဲတမ်းခြိမ်းခြောက်နေပါတယ်။ အရင်ကတော့ ဒီလိုပြတ်တောက်မှုမျိုးဟာ ခေတ္တခဏပဲလို့ ယူဆခဲ့ကြပေမယ့် အခုကအဲဒီလိုမဟုတ်တော့ပါဘူး။ ရေနံဈေးကွက်က ရေနံရှိလား၊ မရှိလားဆိုတာထက် အဲဒီရေနံကို ဘေးကင်းကင်းနဲ့ သယ်လို့ရပါ့မလားဆိုတဲ့အပေါ်မှာ ဈေးနှုန်းသတ်မှတ်နေရပါပြီ။ သင်္ဘောတွေ လမ်းလွှဲရတာ၊ စစ်ဘေးအာမခံခတွေ တက်လာတာတွေက ရေနံဈေးကို အလိုအလျောက် မြင့်တက်စေပါတယ်။ အထူးသဖြင့် အာရှနိုင်ငံများက ဒီရေလက်ကြားကို အဓိကမှီခိုနေရတာကြောင့် သူ့ရဲ့တည်ငြိမ်မှုဟာ အာရှစီးပွားရေးရဲ့ အသက်ရှူပေါက်ဖြစ်လာပါတယ်။ ရေလမ်းကြောင်းတွေစိတ်မချရမှုဟာ ရေနံတင်သင်္ဘောတွေရဲ့ခရီးစဉ်တွေကို ပိုမိုရှုပ်ထွေးစေကာ တစ်ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တစ်ခုလုံးကို ထိခိုက်စေပါတယ်။

အနာဂတ်ရဲ့ရေနံဝယ်လိုအားဟာ အနောက်နိုင်ငံတွေကနေအရှေ့ဘက်ဆီကို သိသိသာသာ ရွေ့လျားလာတဲ့အတွက် ရေနံထုတ်လုပ်သူတွေရဲ့ ဗျူဟာတွေလည်း ပြောင်းလဲလာပါတယ်။ အထူးသဖြင့် အိန္ဒိယဟာ ၂၀၃၀ ပြည့်နှစ်ဝန်းကျင်မှာ ကမ္ဘာ့ရေနံဝယ်လိုအားအမြင့်ဆုံးနိုင်ငံဖြစ်လာမှာဖြစ်တဲ့အတွက် ထုတ်လုပ်သူတွေဟာ အာရှဈေးကွက်မှာနေရာရဖို့ပြိုင်ဆိုင်နေကြပါတယ်။ ယူအေအီးလို နိုင်ငံတွေက OPEC ရဲ့စည်းကမ်းတွေနဲ့ မပတ်သက်ဘဲ အိန္ဒိယနိုင်ငံလိုမျိုးနိုင်ငံတွေနဲ့ နှစ်နိုင်ငံကြားကုန်သွယ်ရေးလုပ်ဖို့ ပိုစိတ်ဝင်စားလာပါတယ်။ ဒါဟာ ရေနံလောကမှာ အုပ်စုလိုက်ဈေးကစားတဲ့စနစ်ကနေ နှစ်နိုင်ငံချင်း လွတ်လပ်စွာကုန်သွယ်တဲ့စနစ်ဆီကို ကူးပြောင်းလာတာဖြစ်ပါတယ်။ ဒီလိုတိုက်ရိုက်ကုန်သွယ်ခြင်းအားဖြင့် သယ်ယူပို့ဆောင်ခသက်သာမယ်၊ ဈေးနှုန်းကို လိုအပ်သလို ညှိနှိုင်းနိုင်မယ်၊ OPEC ကသတ်မှတ်တဲ့ ကန့်သတ်ချက်တွေကိုလည်း ဂရုစိုက်စရာမလိုတော့တဲ့အားသာချက်တွေ ရှိလာပါတယ်။ အာရှရဲ့တိုးတက်လာတဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် ရေနံထုတ်လုပ်သူတွေဟာ ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိတဲ့ အစီအစဉ်တွေကို ဖော်ဆောင်လာရပါတယ်။

ဒါ့အပြင် ယူကရိန်းစစ်ပွဲနောက်ပိုင်း အနောက်နိုင်ငံတွေရဲ့ ပိတ်ဆို့မှုကြောင့် ရုရှားနိုင်ငံမှရေနံတွေ အာရှကိုလမ်းကြောင်းပြောင်း စီးဝင်လာတာဟာ ကမ္ဘာ့ရေနံမြေပုံကို လုံးဝပြောင်းလဲပစ်လိုက်ပါတယ်။ အမေရိကန်ကလည်း Shale ရေနံထုတ်လုပ်မှုမှာ အားကောင်းလာပြီး ကမ္ဘာ့အဓိကရေနံတင်ပို့သူဖြစ်လာတဲ့အတွက် OPEC ရဲ့ လွှမ်းမိုးမှုကတဖြည်းဖြည်း ယိုယွင်းလာတာဖြစ်ပါတယ်။ အခုခေတ်မှာ စွမ်းအင်ဖူလုံရေးဆိုတာ ရေနံတွင်းရှိရုံနဲ့ မလုံလောက်တော့ဘဲ ရေကြောင်းလုံခြုံရေး၊ အခြေခံအဆောက်အဦ၊ ရေနံချက်စက်ရုံတွေနဲ့ သိုလှောင်ကန်တွေ အလုံအလောက်ရှိဖို့အထိ ပါဝင်လာပါတယ်။ အိန္ဒိယရဲ့ အတွေ့အကြုံအရ ရေနံဈေးတက်တာနဲ့ ငွေဖောင်းပွမှု တက်လာပြီး နိုင်ငံရဲ့ စီးပွားရေးတစ်ခုလုံး ထိခိုက်တတ်တာကြောင့် အာရှနိုင်ငံတွေဟာ ရေနံတင်မကဘဲ ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ နျူကလီးယားစွမ်းအင်တွေကိုပါ အစားထိုးဖို့ အပြင်းအထန် ကြိုးစားလာကြတာပါ။ စွမ်းအင်အရင်းအမြစ်တွေကိုအမျိုးမျိုးခွဲခြားထားခြင်းဟာ အနာဂတ်မှာ ကြုံတွေ့လာရနိုင်တဲ့ ရုတ်တရက် အပြောင်းအလဲတွေကိုခံနိုင်ရည်ရှိဖို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။

ကမ္ဘာ့ရေနံဈေးကွက်ရဲ့ဖွဲ့စည်းပုံဟာ အရင်ကလို ဗဟိုချက်တစ်ခုတည်းအပေါ်မှာ မလည်ပတ်တော့ဘဲ ပြိုကွဲနေတဲ့ ကွန်ရက်အများအပြားအဖြစ် ပြောင်းလဲသွားပါတယ်။ ဒီကွန်ရက်တွေဟာ အပြန်အလှန်ချိတ်ဆက်ထားပေမယ့် တစ်ခုနဲ့တစ်ခုသီးခြားရပ်တည်နိုင်ဖို့ ကြိုးစားနေကြပါတယ်။ ရေနံထုတ်လုပ်သူတွေရော ဝယ်ယူသူတွေပါ ကိုယ့်ရဲ့အမျိုးသားလုံခြုံရေးနဲ့ စီးပွားရေးအကျိုးစီးပွားကို ရှေ့တန်းတင်လာတဲ့အတွက် စုပေါင်းစည်းကမ်းတွေဟာ အားနည်းလာတာပါ။ OPEC အနေနဲ့ သူ့ရဲ့ဩဇာကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ကြိုးစားနေပေမယ့် အခြေခံအုတ်မြစ်တွေဖြစ်တဲ့ ခန့်မှန်းလို့ရတဲ့ သယ်ယူပို့ဆောင်ရေးကဲ့သို့သော မက်လုံးတွေဟာပျက်စီးနေပါပြီ။ ရေနံဈေးကွက်ရဲ့ အနာဂတ်ဟာ အခုဆိုရင်ပထဝီနိုင်ငံရေးတိုက်ပွဲတွေ၊ နည်းပညာတိုးတက်မှုတွေနဲ့ စွမ်းအင်ကူးပြောင်းမှုဖြစ်စဉ်တွေကြားမှာ ရှုန်းကန်နေရပါတယ်။

အနှစ်ချုပ်ရရင် ရေနံလောကရဲ့ စနစ်ဟောင်းဟာ နိဂုံးချုပ်သွားပါပြီ။ အရင်ကလို ဗဟိုကနေ ဈေးနှုန်းကို စိတ်ကြိုက်ကစားနိုင်တဲ့ ခေတ်မဟုတ်တော့ဘဲ ပထဝီနိုင်ငံရေး၊ ရေကြောင်းလုံခြုံရေးနဲ့ လွတ်လပ်တဲ့ နှစ်နိုင်ငံကုန်သွယ်မှုတွေကသာ အဆုံးအဖြတ်ပေးမယ့် ခေတ်ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ မရေရာတဲ့ ကမ္ဘာကြီးမှာ ဘယ်သူက ရေနံစီးဆင်းမှုကို အဟန့်အတားမရှိစေဖို့စီမံနိုင်မလဲ၊ ဘယ်သူက အာရှရဲ့တိုးတက်လာတဲ့ ဝယ်လိုအားကို လိုက်လျောညီထွေရှိတဲ့နည်းလမ်းတွေနဲ့ ဖြည့်ဆည်းပေးနိုင်မလဲဆိုတာကသာ အနာဂတ်ရဲ့ အဓိကသော့ချက်ဖြစ်လာပါလိမ့်မယ်။ OPEC အဖွဲ့ကြီးပြိုလဲမသွားသေးပေမယ့် သူ့ရဲ့ခေတ်ဟောင်းအယူအဆတွေကတော့ သမိုင်းစာမျက်နှာထဲမှာကျန်ရစ်ခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့စွမ်းအင် အခင်းအကျင်းသစ်မှာ တည်ငြိမ်မှုဆိုတာဟာ အရင်ကလို ကြိုတင်သတ်မှတ်ထားတဲ့ စနစ်တစ်ခုကနေ လာတာမဟုတ်တော့ဘဲ အပြောင်းအလဲတွေကို ဘယ်လောက်မြန်မြန် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်နိုင်သလဲဆိုတဲ့အပေါ်မှာပဲမူတည်နေပါတော့တယ်။ Ref: SCMP

ထက်မြတ်

---

## ဟစ်ဇဘိုလာတို့အပေါ် စစ်ဆင်ရေးတွင် ကန့်သတ်ချက်မရှိဟု အစ္စရေးပြော

ဂျေရုဆလင်၊ စစ်ရေး

အစ္စရေးစစ်ဦးစီးချုပ်က မေလ ၆ ရက်တွင် လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ သွားရောက်ပြီး ဟစ်ဇဘိုလာတို့အပေါ် ဆောင်ရွက်နေသည့် စစ်ဆင်ရေးများတွင် ကန့်သတ်ချက်မရှိကြောင်း တပ်မှူးများကို ပြောသည်။ အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေစဉ် အစ္စရေးမြောက်ပိုင်းနေထိုင်သူများအတွက် ရေရှည်လုံခြုံရေးအာမခံချက် မရရှိမချင်း လက်ဘနွန်တောင်ပိုင်းတွင် တပ်ဖွဲ့များကို ဆက်လက်တပ်စွဲထားမည်ဟု စစ်ဦးစီးချုပ်ကဆိုသည်။

ပြီးခဲ့သည့်လက အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရထားသော်လည်း အစ္စရေးကတိုက်ခိုက်မှုများဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ လွန်ခဲ့သော နှစ်လခန့်က စတင်ခဲ့သည့် လက်ရှိစစ်ဆင်ရေးအတွင်း ဟစ်ဇဘိုလာတိုက်ခိုက်ရေးသမား ၂၀၀၀ ကျော်ကို သုတ်သင်နိုင်ခဲ့ကြောင်း အစ္စရေးစစ်ဦးစီးချုပ်ကပြောသည်။

ထို့ပြင် လက်ရှိတိုက်ပွဲများကို ပိုမိုကျယ်ပြန့်သော ဒေသတွင်းလှုပ်ရှားမှုတစ်ခုအဖြစ် ပုံဖော်ခဲ့ပြီး အီရန်ပစ်မှတ်များကို တိုက်ခိုက်ရန် အသင့်ရှိနေကြောင်းနှင့် အရှေ့အလယ်ပိုင်းတစ်လွှားတွင် စစ်ဆင်ရေးများအတွက် အမြင့်ဆုံးသတိပေးချက်ကို ထုတ်ပြန်ထားကြောင်း ၎င်းကဆက်ပြောသည်။ အခြားတစ်ဖက်တွင် အစ္စရေးနှင့် လက်ဘနွန်တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲတတိယအကျော့ကို အမေရိကန်၌ကျင်းပနိုင်ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေသည်။ Ref: Xinhua

# ဂျပန်က တောင်တရုတ်ပင်လယ်သို့မျက်နှာမူပြီး ဒုံးကျည်တစ်စင်းကို ပစ်လွှတ်

**မနီလာ၊ စစ်ရေးလေ့ကျင့်မှု**

ဂျပန်ကာကွယ်ရေးတပ်ဖွဲ့သည် အမေရိကန်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်တပ်ဖွဲ့များနှင့်အတူပြုလုပ်သည့် ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုအတွင်း တောင်တရုတ်ပင်လယ်သို့မျက်နှာမူ၍ Type 88 သင်္ဘောဖျက်ဒုံးကျည်တစ်စင်းကို မေလ ၆ ရက်တွင်ပစ်ခတ်ကြောင်းနှင့် ယင်းဒုံးကျည်က ပိုင်နက်အငြင်းပွားပင်လယ်ရှိ ဖိလစ်ပိုင်၏ ရေတပ်သင်္ဘောဟောင်းတစ်စင်းကို ထိမှန်ခဲ့ကြောင်းသိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် မဟာမိတ်တပ်ဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုကိုပြသပြီး ဒေသတွင်းလုံခြုံရေး၊ လွတ်လပ်စွာရေကြောင်းသွားလာရေးတို့အတွက် ဖိလစ်ပိုင်တပ်မတော်၏ စွမ်းဆောင်ရည်မြင့်မားလာမှုကို အသားပေးဖော်ပြခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတရုံးက ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းရှိ ပါအိုအေးကမ်းခြေမှ ၇၅ ကီလိုမီတာခန့်အကွာတွင် ပြုလုပ်သည့် ထိုလေ့ကျင့်မှု၌ ဂျပန်က Type 88 ဒုံးကျည်ကိုပစ်ခတ်ခဲ့ရာ ၆ မိနစ်အတွင်း ပစ်မှတ်ကိုထိမှန်ခြင်းဖြစ်သည်။ ဂျပန်၏ စစ်လက်နက်ပစ္စည်းတင်ပို့မှုကန့်သတ်ချက်များရုပ်သိမ်းလိုက်ပြီးနောက် ဖိလစ်ပိုင်သို့ စစ်လက်နက်အချို့လွှဲပြောင်းပေးနိုင်ရေး ဆွေးနွေးနေချိန် ယခုစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်ခြင်းဖြစ်သည်။ **Ref: ST**

# ငြိမ်းချမ်းရေးသဘောတူညီချက်မရပါက အီရန်ကို ယခင်ထက်ပိုမိုပြင်းထန်စွာဗုံးကြဲမည်ဟု ထရမ့် ခြိမ်းခြောက်



**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်အစိုးရသည် အမေရိကန်အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို သဘောမတူပါက အမေရိကန်တပ်ဖွဲ့များအနေဖြင့် ယခင်ကထက် ပိုမိုမြင့်မားသောအဆင့်နှင့် ပြင်းအားဖြင့် အီရန်အပေါ်ဗုံးကြဲမှုများကို ပြန်လည်စတင်သွားမည်ဟု မေလ ၆ ရက်တွင်ပြောသည်။ အကယ်၍ အီရန်နိုင်ငံက သဘောတူညီချက်များကို လိုက်နာလျှင် Epic Fury စစ်ဆင်ရေးကို အဆုံးသတ်မည်ဖြစ်ပြီး ဟော်မုရေလက်ကြားကို အီရန်အပါအဝင် အားလုံးအတွက် ပြန်လည်ဖွင့်လှစ်ပေးမည်ဟု ၎င်း၏ Truth Social အကောင့်တွင် ထရမ့်ကရေးသားထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကမူ Epic Fury စစ်ဆင်ရေးသည် ပြီးဆုံးသွားပြီဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးထားပြီးဖြစ်သည်ဟု မေလ ၅ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောထားသည်။ ထို့ပြင် အီရန်နှင့်အပြီးသတ်သဘောတူညီချက်ရရှိရန် တိုးတက်မှုများရှိသည့်အတွက် အီရန်ဆိပ်ကမ်းများကို ဆက်လက်ပိတ်ဆို့ထားသော်လည်း ဟော်မုရေလက်ကြားတွင် သင်္ဘောများကို လမ်းပြပေးနေသည့် အမေရိကန်တပ်မတော်၏ လုပ်ငန်းစဉ်များကို ခေတ္တရပ်ထားမည်ဟု ထရမ့်က ဆိုသည်။

ဖြစ်ပေါ်လာနိုင်သည့် သဘောတူညီချက်တွင် အီရန်က နျူကလီးယားသန့်စင်မှုကို ရပ်ဆိုင်းရန်နှင့် အမေရိကန်အစိုးရက အီရန်အပေါ်ချမှတ်ထားသည့်ပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် ပါဝင်ကြောင်း သိရသည်။ **Ref: Xinhua**

# ၂၁၀၀ ပြည့်နှစ်တွင် ဩစတြေးလျနိုင်ငံ၌ အပူလှိုင်းများကြောင့် နှစ်စဉ်လူဦးရေ ၆၀၀၀ ခန့် သေဆုံးနိုင်

**မဲဘုန်း၊ ရာသီဥတု**

၂၁၀၀ ပြည့်နှစ်အရောက်တွင် ဩစတြေးလျနိုင်ငံ၌ အပူလှိုင်းများကြောင့် နှစ်စဉ်လူဦးရေ ၆၀၀၀ ခန့်သေဆုံးနိုင်ကြောင်း မေလ ၆ ရက်တွင် ထုတ်ပြန်သည့် သုတေသနလေ့လာမှုတစ်ရပ်အရ သိရသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အပူလှိုင်းကြောင့် နှစ်စဉ်ပျမ်းမျှသေဆုံးသူ ၂၅၀ ခန့်သာ ရှိခဲ့ရာမှ ရာစုနှစ်အကုန်တွင် သိသိသာသာ မြင့်တက်လာမည့် အခြေအနေကို မိုနက်တက္ကသိုလ်က ထောက်ပြထားခြင်းဖြစ်သည်။

အပူလှိုင်းများကြောင့် နှလုံးသွေးကြော၊ အသက်ရှူလမ်းကြောင်းနှင့် ကျောက်ကပ်ဆိုင်ရာဝေဒနာရှင်များတွင် သေဆုံးမှုနှုန်း ပိုမိုမြင့်မားလာနိုင်ကြောင်း သုတေသီများက ဆိုသည်။ အထူးသဖြင့် ၂၀၉၀ ပြည့်လွန်နှစ်များတွင် မြောက်ပိုင်းနယ်မြေ၌ လူဦးရေတစ်သိန်းလျှင် ၃၃ ဒသမ ၉ ဦးနှုန်းဖြင့်သေဆုံးမှု အမြင့်ဆုံးဖြစ်လာနိုင်ပြီး ကွင်းစလန်းနှင့် နယူးဆောက်ဝေးပြည်နယ်တို့က နောက်မှ လိုက်ပါနေကြောင်း သုတေသီများကပြောသည်။ **Ref: Xinhua**

# အင်ဒိုနီးရှားနိုင်ငံ၌ ဘတ်စကားနှင့် ဆီသယ်ယာဉ်တိုက်မိ အနည်းဆုံး ၁၆ ဦးသေဆုံး

**ဂျကာတာ၊ မတော်တဆမှု**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းရှိ အဝေးပြေးလမ်းမပေါ်တွင် မေလ ၆ ရက် မွန်းလွဲပိုင်းက ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ဆီသယ်ယာဉ်တစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိရာ အနည်းဆုံး လူ ၁၆ ဦး သေဆုံးကြောင်း တာဝန်ရှိသူများကပြောသည်။ အဆိုပါမတော်တဆမှုသည် မွန်းလွဲ ၁၂ နာရီ ၃၉ မိနစ်ခန့်တွင် ကာရန်ဂျာယာခရိုင်ရှိ ဆူမားတြားအဝေးပြေးလမ်းမပေါ်၌ ဖြစ်ပွားခြင်းဖြစ်ကြောင်း Jakarta Globe သတင်းဌာနကဖော်ပြထားသည်။

ဒေသန္တရဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီမှ တာဝန်ရှိသူများက အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းစေလွှတ်ကာ ပိတ်မိနေသည့် လူနာများကို အမြန်ဆုံးကယ်ထုတ်ခဲ့ကြောင်း ပြောသည်။

**Ref: Xinhua**

# အမေရိကန်၏ ခြိမ်းခြောက်မှုရပ်တန့်လျှင် ဟော်မုရေလက်ကြား၌ ဘေးကင်းစွာဖြတ်သန်းနိုင်မည်ဟု အီရန်ဆို



**တီဟီရန်၊ စစ်ရေး**

အမေရိကန်အစိုးရ၏ ခြိမ်းခြောက်မှုများ အဆုံးသတ်ပြီး လုပ်ထုံးလုပ်နည်းအသစ်များ ကျင့်သုံးနိုင်ပါက ကုန်တင်သင်္ဘောများသည် ဟော်မုရေလက်ကြားကို ဘေးအန္တရာယ်ကင်းစွာဖြတ်သန်းနိုင်မည်ဟု အီရန်နိုင်ငံမှ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ရေတပ်က မေလ ၆ ရက်တွင်ပြောသည်။ ရေလက်ကြားတွင် ပိတ်မိနေသော သင်္ဘောများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အမေရိကန်က လုပ်ငန်းစဉ်များ ခေတ္တရပ်နားလိုက်ခြင်းအပေါ် အီရန်ဘက်မှ ပထမဆုံးအကြိမ် တုံ့ပြန်ပြောဆိုခြင်းဖြစ်ပြီး လုပ်ထုံးလုပ်နည်းအသစ်များနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။

အီရန်၏ထုတ်ပြန်ချက်အပြီးတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အကယ်၍ အီရန်အနေဖြင့် သဘောတူညီချက်များကို လိုက်နာပါက Epic Fury စစ်ဆင်ရေးကို အဆုံးသတ်မည်ဖြစ်ပြီး ဟော်မုရေလက်ကြားကို အီရန်အပါအဝင်အားလုံးအတွက် ပြန်လည်ဖွင့်လှစ်ပေးမည်ဟုဆိုထားသော်လည်း အီရန်ဘက်မှ သဘောမတူပါက ဗုံးကြဲမှုများကို ယခင်ထက်ပိုမိုပြင်းထန်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထပ်မံခြိမ်းခြောက်ထားသည်။ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကမူ ရေလမ်းကြောင်း၌ သွားလာရာတွင် အီရန်၏စည်းမျဉ်းများကို လိုက်နာနေသည့် သင်္ဘောပိုင်ရှင်များနှင့် ကပ္ပတိန်များကို ကျေးဇူးတင်ကြောင်း ထည့်သွင်းဖော်ပြထားသည်။ **Ref: AGC**

# တူကီယဲက နိုင်ငံအတွက် ပထမဆုံးသော တိုက်ချင်းပစ်အမြင့်ပျံဒုံးကျည်ကို ထုတ်ဖော်ပြသ

**အစ္စတန်ဘူ၊ စစ်လက်နက်**

တူကီယဲနိုင်ငံသည် နိုင်ငံ၏အဝေးပစ်တိုက်ခိုက်နိုင်စွမ်းကို သိသိသာသာမြှင့်တင်ပေးနိုင်မည့် နိုင်ငံအတွက်ပထမဆုံးသော တိုက်ချင်းပစ်အမြင့်ပျံဒုံးကျည်(ICBM)ကို ထုတ်ဖော်ပြသလိုက်ကြောင်း တာဝန်ရှိသူများကပြောသည်။ "Yildirimhan" ဟု အမည်ပေးထားသည့် အဆိုပါဒုံးကျည်ကို အစ္စတန်ဘူမြို့၌ကျင်းပသည့် SAHA 2026 ကာကွယ်ရေးစက်မှုပြပွဲတွင် ပြသခဲ့ခြင်းဖြစ်ပြီး ယင်းဒုံးကျည်သည် အကွာအဝေးကီလိုမီတာ ၆၀၀၀ ခန့်အထိ ပစ်ခတ်နိုင်ကြောင်းသိရသည်။

Yildirimhan သည် နိုင်ငံအတွက် အဝေးဆုံးပစ်ခတ်နိုင်သည့် ဒုံးကျည်ဖြစ်ပြီး အသံနှုန်းလွန်အမြန်နှုန်းဖြင့် ပျံသန်းနိုင်စွမ်းရှိသော ပထမဆုံးလောင်စာအရည်သုံး ဒီဇိုင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ယာရှာဂူလာက ပြောသည်။ တိုက်ချင်းပစ်ဒုံးကျည်သည် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်အတွက် အဓိကခြေလှမ်းတစ်ခုဖြစ်ပြီး ပင်ကိုအားဖြင့် ဟန့်တားမှုလက်နက်အဖြစ်ရှုမြင်ထားသော်လည်း လိုအပ်ပါက ထိုးစစ်ဆင်ရာတွင်အသုံးပြုသွားမည်ဟု ၎င်းကသတိပေးသည်။ ထို့ပြင် တူကီယဲနိုင်ငံသည် ပြည်ပမှတင်သွင်းရသည့် အခြေအနေမှ ကိုယ်ပိုင်စနစ်များကို ဒီဇိုင်းထုတ်ပြီးထုတ်လုပ်ကာ ပြည်ပသို့ပြန်လည်တင်ပို့သည့် နိုင်ငံအဖြစ်သို့ ကူးပြောင်းလာပြီဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။

**Ref: RT**



# ဟာဇက်နောက်ပိုင်း ပွဲဦးထွက်ဘောလုံးရာသီတွင် ဂိုးဖန်တီးမှု ၁၀ ကြိမ်နှင့်အထက်ပြုလုပ်နိုင်သည့် ကစားသမားချက်ကီဖြစ်လာ

မန်ချက်စတာ မေ ၆

မန်စီးတီးအသင်းကွင်းလယ်ကစားသမား ချက်ကီသည် ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမားဟောင်း ဟာဇက်နောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲဦးထွက်ဘောလုံး ရာသီတွင် ဂိုးဖန်တီးမှု ၁၀ ကြိမ်နှင့်အထက်ပြုလုပ်နိုင်သည့် ကစားသမားဖြစ်လာကြောင်း သိရသည်။

၂၀၁၂-၂၀၁၃ ဘောလုံးရာသီက ဟာဇက်သည် လိုင်လီအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ပွဲဦးထွက်ဘောလုံးရာသီတွင် ဂိုးဖန်တီးမှု ၁၀ ကြိမ်နှင့်အထက်ပြုလုပ်နိုင်သည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်ပြီး ဟာဇက်နောက်ပိုင်းတွင် ပွဲဦးထွက်ဘောလုံးရာသီ ၁၀ ကြိမ်နှင့်အထက်ပြုလုပ်နိုင်သူအဖြစ် ချက်ကီက မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ချက်ကီသည်လည်း ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုင်ယွန်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်နေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၂၉ ပွဲကစားပြီးချိန်တွင် ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ချက်ကီသည် ယခုဘောလုံးရာသီ နည်းပြဂွါဒီယိုလာ၏အောက်တွင် မန်စီးတီးအသင်းကွင်းလယ်ပိုင်း၌ အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရရှိနေပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၁ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားကာ ၁၁ ဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှု ၁၆ ကြိမ်ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြနေကြောင်း သိရသည်။

*Ref;Fabrizio Romano*



# ဈေးကွက်တန်ဖိုးကျဆင်းမှုအများဆုံးကစားသမားစာရင်း ၁၀ ဦးတွင် လီဗာပူးအသင်းမှ ဖလိုရီယန်ဝုစ်နှင့် အီဆက်တို့ ထိပ်ဆုံး၌ရပ်တည်

လန်ဒန် မေ ၆

Transfer Market ၏ဖော်ပြချက်အရ လက်ရှိဈေးကွက်တန်ဖိုးကျဆင်းမှု အများဆုံးကစားသမားစာရင်းတွင် လီဗာပူးအသင်းမှ ဖလိုရီယန်ဝုစ်နှင့်အီဆက်တို့က ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြကြောင်း သိရသည်။

အစောပိုင်းက ဖလိုရီယန်ဝုစ်၏ဈေးကွက်တန်ဖိုးသည် စတာလင်ပေါင် သန်း ၁၁၀ အထိရှိခဲ့သော်လည်း ယခုအခါ ဈေးကွက်တန်ဖိုး စတာလင်ပေါင် သန်း ၃၀ အထိကျဆင်းခဲ့ခြင်းဖြစ်သည်။

ဖလိုရီယန်ဝုစ်သည် လေဗာကူဆင်အသင်း၌ ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ကာ သွင်းဂိုးများ သွင်းယူနိုင်သည့်အပြင် ဂိုးဖန်တီးမှု အများအပြားလုပ်ဆောင်နိုင်သော်လည်း ယခုဘောလုံးရာသီ လီဗာပူးအသင်း၌ ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ဈေးကွက်တန်ဖိုးမှာလည်း သိသိသာသာ ကျဆင်းလာခြင်းဖြစ်သည်။

အလားတူ အီဆက်သည်လည်း နယူးကာဆယ်အသင်း၌ ကစားစဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြနိုင်သော်လည်း ယခုဘောလုံးရာသီ လီဗာပူးအသင်း၌ ဒဏ်ရာပြဿနာများကြောင့် ကာလရှည်အနားယူရပြီးနောက် ဈေးကွက်တန်ဖိုးများလည်း ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ဈေးကွက်တန်ဖိုးကျဆင်းမှု အများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် ဖလိုရီယန်ဝုစ်၏နောက်၌ လီဗာပူးအသင်းမှ အီဆက်က စတာလင်ပေါင် သန်း ၂၀၊ စပါးအသင်းမှ ဆိုင်မွန်က ပေါင် သန်း ၂၀၊ အယ်ဟီလယ်အသင်းမှ နူနက်က ပေါင် သန်း ၂၀၊ အေစီမီလန်အသင်းမှ အက်စတူပီနာက ပေါင် ၁၆ သန်း၊ လီဗာပူးအသင်းမှ ဖရန်ပေါင်က ပေါင် ၁၅ သန်း၊ ချယ်လ်ဆီးအသင်းမှ ဂစ်တန်းက ပေါင် ၁၅ သန်း၊ လာဇီယိုအသင်းမှ တာဗာရက်က ပေါင် ၁၂ သန်း၊ ဂျူဗင်တပ်စ်အသင်းမှ ဇာဟီဂရိုဗာက ပေါင် ၁၁ သန်းနှင့် အာဆင်နယ်အသင်းမှ ဂိုကာရက်က ပေါင် ၁၀ သန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရသည်။

*Ref;Transfer Market*

# မန်ယူအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိပြီးနောက် နည်းပြကာရစ်အား အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန်ကမ်းလှမ်းထား



မန်ချက်စတာ မေ ၆

မန်ယူအသင်းက လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိပြီးနောက် ယာယီနည်းပြအဖြစ် တာဝန်ပေးထားသည့် နည်းပြကာရစ်အား အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန်ကမ်းလှမ်းထားကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီ ပထမရာသီဝက်ကာလတွင် ရလဒ်မတည်ငြိမ်မှုများနှင့် ရုန်းကန်ခဲ့ရပြီးနောက် နည်းပြအမိုရင်ကို ၂၀၂၅ ခုနှစ်ဒီဇင်ဘာလက စာချုပ်ဖျက်သိမ်းကာ ထုတ်ပယ်ခဲ့ပြီးနောက် ယခုဘောလုံးရာသီကုန်အထိ ယာယီနည်းပြအဖြစ် ကာရစ်အား တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းက နည်းပြကာရစ်ကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အစီအစဉ်မရှိဘဲ ထိပ်တန်းနည်းပြတစ်ဦးကိုသာ ခန့်အပ်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။

သို့သော် နည်းပြကာရစ်သည် ပြီးခဲ့သည့်ဇန်နဝါရီလကစတင်ပြီး အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ပြီး အမှတ်ပေးဇယားထိပ်ပိုင်း၌ ရပ်တည်နေသည့်အသင်းများဖြစ်သည့် အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း၊ အက်စ်တွန်ဗီလာအသင်းနှင့် လီဗာပူးအသင်းတို့အပြင် ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့ကိုပါ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင်ပင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြကာရစ်သည် မန်ယူအသင်းနည်းပြဘဝတွင် အိမ်ကွင်းကိုးပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာ ရှစ်ပွဲနိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချယ်လ်ဆီးအသင်းနည်းပြဟောင်း ကွန်တီနောက်ပိုင်း ပွဲဦးထွက်ရာသီတွင် အိမ်ကွင်းကိုးပွဲ၌ ရှစ်ပွဲအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြအဖြစ်ပါ ရပ်တည်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိပြီးနောက် နည်းပြကာရစ်အား အမြဲတမ်းနည်းပြခန့်အပ်ရန် ကမ်းလှမ်းထားရာ နည်းပြကာရစ်က လက်ခံမည်ဆိုပါက ဆွေးနွေးမှုများလုပ်ဆောင်မည်ဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် ခန့်အပ်နိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ချယ်လ်ဆီးအသင်း ကစားသမား ဂျက်ဆီဒယ်ရီ၏ဒဏ်ရာ စိုးရိမ်ဖွယ်ရာမရှိ

လန်ဒန် မေ ၆

ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား ဂျက်ဆီဒယ်ရီ၏ ဦးခေါင်းဒဏ်ရာမှာ စိုးရိမ်ဖွယ်ရာမရှိတော့ဘဲ ပြန်လည်သတိရလာကြောင်း သိရသည်။

ဂျက်ဆီဒယ်ရီသည် ပြီးခဲ့သည့် ချယ်လ်ဆီးအသင်းက နော်တင်ဟမ်အသင်းကို ၃ ဂိုး- ၁ ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်၌ ပထမပိုင်းပြီးဆုံးခါနီးတွင် နော်တင်ဟမ်အသင်းမှ ကွင်းလယ်ကစားသမား အက်ဘော့နှင့် ဘောလုံးယှဉ်လုရာမှ အချင်းချင်းခေါင်းတိုက်မိခဲ့ရာ ဂျက်ဆီဒယ်ရီအနေဖြင့် ခဏတာသတိလစ်ခဲ့သည်။

ထို့နောက် ချယ်လ်ဆီးအသင်းဆေးအဖွဲ့ဝင်များက ကုသမှုများချက်ချင်းလုပ်ဆောင်ခဲ့ပြီး ကွင်းအတွင်းမှ ထမ်းစင်ဖြင့်ထွက်ခွာခဲ့ရသည်။

ဂျက်ဆီဒယ်ရီအနေဖြင့် ဒဏ်ရာရရှိပြီးနောက် ချက်ချင်းနီးစပ်ရာဆေးရုံသို့ပို့ဆောင်ကာ ဆေးကုသမှုခံယူခဲ့ရပြီးနောက် လက်ရှိတွင် ပြန်လည်သတိရနေပြီဖြစ်သည့်အပြင် စကားပင်ပြောဆိုနိုင်ပြီဖြစ်သည့်အတွက် စိုးရိမ်စရာမရှိတော့သော်လည်း ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး မည်သည့်အချိန်ထိအနားယူရမည်ကို မသိရှိရသေးကြောင်း သိရသည်။

*Ref;Top SKills Sports UK*



# လှိုင်ကော်မြို့၌ ရက် ၁၀၀ စီမံချက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ပေးအပ်ပွဲကျင်းပ

**လှိုင်ကော် မေ ၆**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်ခန်းမဆောင်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကယားပြည်နယ်ဦးစီးမှူးရုံးမှ ရက် ၁၀၀ စီမံချက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲအခမ်းအနားကို မေလ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က အဖွင့်အမှာစကားပြောကြားပြီး လမင်းစီမံချက် ဆောင်ရွက်ရန်အတွက် ကယားပြည်နယ်ဝန်ကြီးချုပ်က ပံ့ပိုးငွေများပေးအပ်ရာ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်တို့က နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ရာ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားသူပြည်သူတို့ကလက်ခံယူပြီး ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စွာထွန်းက UID ကတ်များပေးအပ်ရာ UID ကတ်လျှောက်ထားသူပြည်သူတို့က လက်ခံရယူသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၅)

# ပင်လုံမြို့၌ စက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

**ပင်လုံ မေ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို မေလ ၅ ရက် မွန်းလွဲပိုင်းတွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရာဇာက စီမံကိန်းသင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွိုင်လင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်က သင်တန်းသားများအား သင်တန်းတွင်သုံးမည့် စက်ပစ္စည်းများပေးအပ်၍ လွိုင်လင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းဝင့်ဝင့်ဆွေနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မူမူအောင်တို့က သင်တန်းသားများအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများပေးအပ်သည်။

ထို့နောက် လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ လွိုင်လင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့် အဖွဲ့ဝင်များ၊ စာပေယဉ်ကျေးမှုဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများအား လေ့လာကြည့်ရှုကြသည်။ အဆိုပါစက်ချုပ်သင်တန်းသို့ သင်တန်းသူ ၁၀ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလ ၄၅ ရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

(၄၁၄)

# နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်းများ စတင်ဖွင့်လှစ်

**နေပြည်တော် မေ ၆**



နေပြည်တော်အတွင်းရှိ ရှေးဦးအရွယ်ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်းများကို မေလ ၄ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့ဖွင့်လှစ်ရာတွင် အသက်သုံးနှစ်မှငါးနှစ်အတွင်းရှိ ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်အတွက် စနစ်တကျပြုစုပျိုးထောင်ပေးလျက်ရှိပြီး နေပြည်တော်အတွင်းရှိ သက်ဆိုင်ရာမူလတန်းကြိုကျောင်းအသီးသီး၌ ကလေးငယ်များအတွက် ကစားစရာများနှင့် သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာ စီစဉ်ထားရှိရာ ကလေးသူငယ်များ ပျော်ရွှင်စွာသင်ကြားလျက်ရှိသည်။

ထို့ပြင် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း မိမိတို့၏ ရင်သွေးငယ်များကို ငယ်စဉ်ကတည်းက စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်သည့် မူလတန်းကြိုကျောင်းများသို့ စိတ်အေးချမ်းသာစွာ လာရောက်အပ်နှံထားရှိကြကြောင်းနှင့် ကျောင်းများဖွင့်လှစ်မှုကြောင့် ကလေးငယ်များ၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

(၄၀၂)

# အောင်ပန်းမြို့တွင် မိုးသီးနှံဂေါ်ရခါးသီးများစတင်စိုက်ပျိုး

**အောင်ပန်း မေ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့တွင် မိုးရာသီရောက်ရှိလာပြီဖြစ်သောကြောင့် မိုးသီးနှံဂေါ်ရခါးသီးများ စတင်စိုက်ပျိုးလျက်ရှိကြောင်း ရာသီသီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"ကျွန်တော်ကတော့ရာသီသီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ပါတယ်၊ အခုကတော့ မိုးရွာသွန်းမှုရှိလာတဲ့အတွက် မိုးသီးနှံဂေါ်ရခါးသီးစတင်စိုက်ပျိုးနေပါပြီ၊ စိုက်ပျိုးတဲ့အခါ ဂေါ်ရခါးမျိုးကိုတော့ အင်းလေးကနေမှာယူရပါတယ်၊ ရောက်ရှိလာတဲ့မျိုးသီးတွေကို တစ်ပတ်လောက်အပင်ဖောက်ရတယ်၊ မျိုးသီးတွေမှာ အညှောက်ထွက်လာပြီဆိုရင် စိုက်ပျိုးရန်အသင့်ပြင်ထားတဲ့စိုက်ကျင်းထဲကိုပြောင်းရွှေ့စိုက်ပျိုးရပါတယ်၊ စိုက်ပြီးတဲ့အခါမှာတော့ အစိုဓာတ်ရှိအောင် ရေပါးပါးလောင်းပေးရတယ်၊ အပင်ထွက်လာပြီး ၁၀ ရက်သားလောက်ဆိုရင် ပေါင်းရှင်းပြီး ပုလဲမြေဩဇာနည်းနည်းစကျွေးပေးရတယ်၊ အဲဒီနောက်မှာတော့ အပင်ကိုစင်ပေါ်တင်ပေးရတယ်၊ စိုက်ပြီး ၄၅ ရက်သားလောက်ဆိုရင် အသီးအပွင့်တွေစလိုက်တယ်၊ အဲဒီအချိန်ရောက်ရင်တော့ အသီးအပွင့်အားဆေးဖျန်းပေးရတယ်၊ ပိုးသတ်ဆေးကတော့ လိုအပ်ရင်ဖျန်းပေးရပါတယ်၊ အသီးကင်းလိုက်ပြီး ၁၄ ရက်သားဆိုရင်တော့ခူးရောင်းလို့ရပါပြီ" ဟု သီးနှံစိုက်ပျိုးသူ ဦးစိုင်းမြင့်ဇော်ထံမှသိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ရာသီအလိုက် ဂေါ်ရခါး၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မုန်ညင်း အစရှိသော သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး ထွက်ရှိလာသောသီးနှံများကို သီးနှံပွဲရုံများမှတစ်ဆင့် မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ မုံရွာ အစရှိသည့်မြို့ကြီးတို့သို့ ကုန်တင်ယာဉ်ကြီးများဖြင့် နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

**ဉာဏ်ထွန်း(၆၀၃)**

# (၆-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၈ ~ ၃၆၆၉ | ၅၅၈.၄ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၃,၃၃၂,၈၄၆.၆၄ | ၄၃,၄၂၄,၈၁၄.၄၆ | ၈၅,၀၁၁,၃၉၄.၀၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ် အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဂျုံ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၇၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန် ဒေါ်လာ ၀.၂၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၆**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**(မိုး/ဇလ)**

**ပျောက်ဆုံးကြောင်း**
မေရတနာဝင်း(ဘ)ဦးဆန်းဝင်း ၁၄/ဇလန(နိုင်)၁၉၇၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆


**ပျောက်ဆုံးကြောင်း**
ဒေါ်ကွယ်သိန်း(ဘ)ဦးကြာဟဲစော ၃/ဘအန(နိုင်)၃၆၁၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 537097)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကျော်ဆွေဦး(ဘ)ဦးလွန်းမြင့် ၇/လပတ(နိုင်)၁၁၉၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၃၇၈၄၁

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ အဘ ဦးဝင်းသူ၏သားဖြစ်သူ ဆက်ပိုင်စိုး ၁၂/မရက(နိုင်)၂၁၀၁၄၂ အား ကောင်းဆက်ဝေယံ ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ကောင်းဆက်ဝေယံ

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

တပ်မတော်စစ်ကြောင်းများက မန္တလေး-မတ္တရာ-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှု။




▼ **ကျောဖုံးမှအဆက်**

ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေး- မတ္တရာ- သပိတ်ကျင်း- တကောင်း -ထီးချိုင့်- ကသာ-အင်းတော်- မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်း တစ်လျှောက်အား အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာတော့မည်ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ မန္တလေးမှမြစ်ကြီးနားသို့ ဆက်သွယ်ထားသည့် ဆက်သွယ်ရေး လမ်းကြောင်းသည် မြန်မာနိုင်ငံ၏ မြောက်ဘက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံကျသော အခြေခံ အဆောက်အအုံတစ်ခုဖြစ်ပြီး အဆိုပါ လမ်းကြောင်းအားအသုံးပြု၍ ခရီးသွား



အကြမ်းဖက်သောင်းကျန်းသူများဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းတံတား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းတံတား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

ပြည်သူများနှင့် ဒေသခံပြည်သူများ၏ သွားလာနေထိုင်မှု၊ ကုန်စည်စီးဆင်းမှုများကို လွယ်ကူမြန်ဆန်စေကာ စီးပွားရေး အခွင့်အလမ်းများကို တိုးတက်စေသည့်အပြင် ကုန်စည်ပို့ဆောင်ရာတွင်လည်း ပိုမိုမြန်ဆန် တိုးတက်လာသည့်အတွက် သယ်ယူပို့ဆောင်စရိတ်များ သက်သာ၍ ဒေသခံပြည်သူများအနေဖြင့်လည်း ဈေးနှုန်း သက်သာစွာ ဝယ်ယူစားသောက်နိုင်ပြီး ဒေသအချင်းချင်း ဆက်သွယ်မှုကိုလည်း ခိုင်မာစေခဲ့သည်။ ထို့ပြင် အဆိုပါလမ်းကြောင်းသည် ကျေးလက်ဒေသများမှ ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို မြို့ပြဈေးကွက်များသို့ ပို့ဆောင်ရာတွင်လည်း အရေးပါသည့်လမ်းကြောင်းဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး ဝန်ဆောင်မှုများကို လက်လှမ်းမီရန် အထောက်အကူပြုသည်ဖြစ်ရာ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အသုံးဝင်သည့်လမ်းကြောင်းလည်း ဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏



အကြမ်းဖက်သောင်းကျန်းသူများဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျောက်စရစ်တံတား ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။

အကျိုးစီးပွားအတွက် မြို့/ရွာ/ဒေသအချို့ကို ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ကာ အဆိုပါ အရေးကြီးသည့် ဆက်သွယ်ရေးလမ်းကြောင်းအား ပိတ်ဆို့လိုက်သည့်အတွက် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများမရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများပြတ်လပ်ပြီး ကုန်ချောများလည်း ဈေးကွက်သို့မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့်နှိပ်စက်မှုများကိုလည်း ခါးသီးစွာခံစားခဲ့ကြရပြီး ၎င်းတို့၏ ဇာတိမြို့ရွာများမှ တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများဆောင်ရွက်ပြီး စနစ်တကျ စုဖွဲ့ပြင်ဆင်၍ စစ်နည်းဗျူဟာမြောက် ဟန်ချက်ညီညီဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်မြို့၊ ရွာများအား တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင်လည်းကောင်း၊ မတ္တရာမြို့၏ အရှေ့ဘက်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသအား ဩဂုတ်လ ၂၄ ရက်နှင့် အယ်လ်ဖာဘိလပ်မြေစက်ရုံအား ဩဂုတ်လ ၂၈ ရက်တွင်လည်းကောင်း၊ ဆည်တော်ကြီးဒေသအား နိုဝင်ဘာလ ၇ ရက်တွင်လည်းကောင်း၊ စဉ့်ကူးဒေသအား ဒီဇင်ဘာလ ၁၉ ရက်တွင်လည်းကောင်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး- မတ္တရာ- စဉ့်ကူး- သပိတ်ကျင်းဆက်သွယ်ရေးလမ်းပိုင်းအားလည်းကောင်း၊ တကောင်းမြို့အား ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်တွင်ပြန်လည်ထိန်းချုပ်ခဲ့ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်းလမ်းပိုင်းအားလည်းကောင်း၊ တကောင်း- ထီးချိုင့်လမ်းကြောင်းအား မတ်လ ၂၅ ရက်တွင်လည်းကောင်း၊ ထီးချိုင့်- ကသာလမ်းကြောင်းအား ဧပြီလ ၁၆ ရက်တွင်လည်းကောင်း၊ အင်းတော်မြို့အား ဧပြီလ ၃၀ ရက်တွင်လည်းကောင်း ပြန်လည်ထိန်းချုပ်ခဲ့ပြီး မန္တလေးမြို့မှအင်းတော်မြို့အထိ ဆက်သွယ်ရေးလမ်းကြောင်းအားလည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် ခက်ခက်ခဲခဲ ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ကာ မေလ ၅ ရက်နေ့တွင် မော်လူးမြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊

စာမျက်နှာ ၂၈ သို့ ▼

▼ **စာမျက်နှာ ၂၇ မှအဆက်**

နန့်စီးအောင်ကျေးရွာ၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့်တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည်ချိတ်ဆက်ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် **မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား** ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်း တစ်လျှောက်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မိမိအသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်၍ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် ရှုပ်ရှုပ်ချုံချုံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလ ၁ နှစ်နှင့် ၃ လကျော်ကြာမြင့်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှု စုစုပေါင်း ၃၂၂ ကြိမ်ဖြစ်ပွားခဲ့ကာ ရန်သူ့ထံမှ အလောင်း ၁၃၈ လောင်း၊ လက်နက်မျိုးစုံ ၃၃၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့်တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အဆိုပါဒေသများအား ယာယီထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ/ဆေးခန်းများနှင့် လူနေအိမ်များအား အကာအကွယ်ရယူ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့်ဆက်သွယ်ရေးလမ်းကြောင်းများ၌ မိုင်းထောင်ခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ရုံထုတ်ပစ္စည်းများကို ကိုယ်ကျိုးစီးပွားအဖြစ် အသုံးချခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ လမ်းတံတားများအား ယုတ်မာရိုင်းစိုင်းစွာ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြသဖြင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်လူမှုစီးပွားဘဝများ အဘက်ဘက်မှ



အောင်ပွဲရတပ်မတော်သားများအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနေမှုကိုတွေ့ရစဉ်။

ဆုတ်ယုတ်နိမ့်ကျခဲ့ရပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် များစွာနစ်နာဆုံးရှုံးခဲ့ရကာ ဆင်းရဲဒုက္ခများခံစားခဲ့ရသည်။

အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လူမှုစီးပွားဘဝအဘက်ဘက်မှ ချွတ်ခြုံကျခဲ့ရသည့် ပြည်သူများအနေဖြင့်လည်း စစ်ပွဲ၏အနိဋ္ဌာရုံများကို လက်တွေ့သိမြင်ခံစားရခြင်း၊ အကြမ်းဖက်မှုများကို လက်မခံနိုင်တော့ခြင်းများနှင့် ရပ်ရွာဒေသကို ယခင်အတိုင်း အေးချမ်းသာယာစွာ ရှိနေစေလိုခြင်းတို့ကြောင့် အကြမ်းဖက်သမားများ၏ သတင်းများကို တပ်မတော်ထံသို့ လျှို့ဝှက်စွာသတင်းပေးပို့၍ တပ်မတော်နှင့်ပူးပေါင်းလာကြသည်။ ထို့ပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်လာခဲ့ကြပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အမည်ခံအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အချို့ကလည်း အကြမ်းဖက်လုပ်ရပ်များကို နှိမ်နင်းနိုင်ရေးအတွက် အကြမ်းဖက်သမားများ၏ သတင်းများကို တပ်မတော်သို့ပေးပို့ခြင်းဖြင့် ပူးပေါင်းပါဝင်လာကြကြောင်း သိရှိရသည်။

ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့၊ ရွာများ၊ ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ပြီး ဒေသတွင်း ကုန်စည်စီးဆင်းကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ ပညာရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက်ပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ကိုပင်ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ နေ့မအား ညမအား အစွမ်းကုန်ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ကြသည့် အောင်ပွဲရတပ်မတော်သားများအား လမ်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လှိုက်လှဲဝမ်းသာစွာ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည့် မြင်ကွင်းများမှာလည်း ငြိမ်းချမ်းမှု၏အနှစ်သာရကို ကိုယ်တိုင်ခံစားသိမြင်ရသည့်ဒေသခံပြည်သူများ၏ ဝမ်းသာဂုဏ်ယူကြိုဆိုမှုများပင် ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ကာ အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဒေသခံပြည်သူများ၏နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် လမ်းတံတားများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်လျက်ရှိသည်။ NUG၊ CRPH တို့၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် PDF အမည်ခံ အဖွဲ့ဝင်များအနေဖြင့်လည်း ၎င်းတို့ကြောင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံး၍ ထိခိုက်နစ်နာခဲ့ရသည်မှာ လက်တွေ့ပင်ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်ဆန္ဒရှိပြီး နိုင်ငံတော်ကို အမှန်တကယ်အကျိုးပြုလိုပါက နီးစပ်ရာ လုံခြုံရေးတပ်/စခန်းများနှင့် ချိတ်ဆက်၍ အမြန်ဆုံးအလင်းဝင်ရောက်သင့်ပါကြောင်း တိုက်တွန်းနိုးဆော်ကာ **မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား** ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်းကို မိဘပြည်သူများအား မြဝတီအဖွဲ့သားများက သတင်းကောင်းပါးအပ်ပါသည်။

(၁၀၀)

## ၂၀၂၆ ခုနှစ် မေလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄)နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ ကြီးကြပ်အဖွဲ့တို့မှ ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနကြီးကြပ်အဖွဲ့တို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် လိုအပ်သောတည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - (၁၁-၅-၂၀၂၆)ရက်၊ (တနင်္လာ)နေ့
- တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်နေ့ရက် - (၂၂-၅-၂၀၂၆)ရက်၊ (သောကြာ)နေ့
- (P.O)နောက်ဆုံးတင်သွင်းရမည့်နေ့ရက် - (၂၂-၅-၂၀၂၆)ရက်၊ (သောကြာ)နေ့
- နမူနာပစ္စည်းနှင့် Result မူရင်းတင်သွင်းရမည့်နေ့ရက် - (၂၂-၅-၂၀၂၆)ရက်၊ (သောကြာ)နေ့
- ပစ္စည်းတင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် - (၂၅-၅-၂၀၂၆)ရက်၊ (တနင်္လာ)နေ့ (၀၉:၃၀)နာရီ
- တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးနှင့် သက်ဆိုင်ရာခရိုင်လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၅)နှင့် တံတားအထူးအဖွဲ့ရုံးများတွင် လျှောက်လွှာများရောင်းချမည်ဖြစ်ပါသည်။
- အိတ်ဖွင့်တင်ဒါ(ပစ္စည်း)ဖွင့်လှစ်မည့်နေရာ - တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၁၁-၅-၂၀၂၆)ရက်မှ (၂၂-၅-၂၀၂၆)ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

- ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့ - ဖုန်း-၀၅၂-၂၂၂၄၅၇၂
- ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၅)၊ ပြည်မြို့ - ဖုန်း-၀၉-၄၂၀၇၀၂၇၄၉
- ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၉)၊ ပဲခူးမြို့ - ဖုန်း-၀၉-၉၇၁၇၉၉၆၁၇
- ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကြီးကြပ်ရေးအဖွဲ့၊ ပဲခူးမြို့ - ဖုန်း-၀၉-၉၆၇၈၄၅၅၆၆
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ပဲခူးခရိုင် - ဖုန်း-၀၉-၄၂၈၀၁၉၃၁၅
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ညောင်လေးပင်ခရိုင် - ဖုန်း-၀၉-၄၀၁၅၅၆၅၄
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန တောင်ငူခရိုင် - ဖုန်း-၀၉-၂၅၂၈၂၇၉၂၇
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန သာယာဝတီခရိုင် - ဖုန်း-၀၉-၄၃၀၀၆၄၂၂
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန နတ်တလင်းခရိုင် - ဖုန်း-၀၉-၄၄၀၂၂၅၆၉၅
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ပြည်ခရိုင် - ဖုန်း-၀၉-၄၀၂၆၆၆၁၉၅

**တင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့၊ ရန်အောင်မြေ၊ ပါလျှံ(၂) ရပ်ကွက်တွင်ရှိသော ၄၀/၆၀ မြေကွက်ကိုပိုင်ရှင်ဖြစ်သူ မောင်မင်းမင်းဦး ၁၃/တခလ(နိုင်)၀၈၉၉၄၈ မှ စိုင်းအောင် ၁၃/မခန(နိုင်)၀၂၅၀၄၇ အား နှစ်ဦးသဘောတူစွာ (၂၆-၃-၂၀၀၂)တွင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ၎င်းစာချုပ်သည် သဘာဝရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ပါသည်။ သို့ပါသောကြောင့် မူလပိုင်ရှင်နှင့်ဆက်သွယ်၍ အသစ်တစ်ဖန် ပြန်လည်စာချုပ်ချုပ်ဆိုလိုပါသဖြင့် အထက်မြေနှင့်ပတ်သက်ပြီး မည်သူမဆို ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးစိုင်းအောင်**
**ဖုန်း-၀၉-၂၆၂၈၇၇၆၃၉**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၅/မမ/CME | 2V-250 Ah Wet Cell အပါအဝင် ဘက်ထရီ(၄)မျိုး ဝယ်ယူရန် |
| ၂ | ၀၆/မမ/CME | ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် လျှပ်စစ်ပိုင်းဆိုင်ရာ Maintenance ပြုလုပ်ခြင်းလုပ်ငန်း |
| ၃ | ၀၇/မမ/CME | ရန်ကုန်-တောင်ငူလမ်းပိုင်းရှိ ဘူတာ(၁၅)ဘူတာတွင် အချက်ပြ ဆက်သွယ်ရေးစနစ်အတွက် Solar Hybrid System တပ်ဆင်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁၊ ၂)(၂၈-၅-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၃) (၄-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၇-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ပန်းယျကျေးရွာနေ (ဘ)ဦးအောင်မျိုးသန့်၏သမီး MAY Preschool Grade-4 တွင် ပညာသင်ကြားနေသော မလေဒီယာအား မမြူနှင်းမှုံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမြူနှင်းမှုံ**

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့၊ ပညာစိုးစံကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင်ပညာသင်ကြားနေသော အဘ ဦးဝင်းရွှေ၏သမီး မမြတ်မြတ်ဖြိုး၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ၀၉၈၅ အရ မမြတ်ကေသီစိုး(၇-၆-၂၀၀၇)ဖြစ်ပါကြောင်း။ **မမြတ်ကေသီစိုး(၇-၆-၂၀၀၇)**

### ပျောက်ဆုံးကြောင်း

စိုင်းဇေယျာပိုင်(ဘ)ဦးမောင်ကို ၁၃/ခလန(နိုင်)၀၀၇၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါရုံးသုံးစာရေးကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ရုံးသုံးစာရေးကိရိယာပစ္စည်း | ၁၀ မျိုး |
| ၂။ | တာယာ | ၂ မျိုး |
| ၃။ | ဘက်ထရီ | ၃ မျိုး |
| ၄။ | စက်ဆီချောဆီ | ၃ မျိုး |
| ၅။ | ဆင်သံကြိုး | ၂ မျိုး |
| ၆။ | ပတ်လွှ | ၂ မျိုး |

တင်ဒါရောင်းချမည့်ရက် - ၇-၅-၂၀၂၆/ နံနက် ၁၀:၀၀နာရီ
တင်ဒါပိတ်မည့်ရက် - ၂၁-၅-၂၀၂၆/နေ့လယ် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား | အရွယ်အစား | တည်နေရာ |
|---|---|---|---|
| ၁ | တိုင်းဦးစီးမှူးရုံး(RC-၁ထပ်) ရေ၊ မီးအစုံတည်ဆောက်ခြင်း | (၁၈၀' x ၅၀') | ချမ်းမြသာစည်မြို့နယ် |
| ၂ | တိုက်အမှတ်(၃)ဝန်ထမ်းအိမ်ရာ RCC(၁)ထပ်တည်ဆောက်ခြင်း | (၁၂၀' x ၃၆' x ၁၈') | ချမ်းမြသာစည်မြို့နယ် |
| ၃ | တိုက်အမှတ်(၄)ဝန်ထမ်းအိမ်ရာ RCC(၁)ထပ်တည်ဆောက်ခြင်း | (၁၂၀' x ၃၆' x ၁၈') | ချမ်းမြသာစည်မြို့နယ် |
| ၄ | အောင်မြေသာစံခရိုင်ဦးစီးမှူးရုံး (RC-၁ထပ်)ရေ၊ မီးအစုံတည်ဆောက်ခြင်း | (၈၀' x ၃၀') | ချမ်းမြသာစည်မြို့နယ် |
| ၅ | ဝန်ထမ်းအိမ်ရာ Steel Structure အသစ်တည်ဆောက်ခြင်း | (၅၀' x ၃၀') | အောင်မြေသာစံခရိုင် |
| ၆ | ကြက်မင်းတွန်ရပ်ကွက် (ခရိုင်ဝန်ထမ်းအိမ်ရာ)နံကပ်(၁)ထပ်တည်ဆောက်ခြင်း | (၄၀' x ၃၀' x ၁၂') | ကျောက်ဆည်ခရိုင် |
| ၇ | ဆူးကုန်းရပ်ကွက်မြို့နယ် ဝန်ထမ်းအိမ်ရာနံကပ်(၁)ထပ်တည်ဆောက်ခြင်း | (၄၀' x ၃၀' x ၁၂') | ကျောက်ဆည်မြို့နယ် |
| ၈ | မြို့နယ်ဦးစီးမှူးရုံး(၂)ထပ် အကြီးစားပြင်ဆင်ခြင်း | (၄၀' x ၃၀') | အမရပူရမြို့နယ် |
| ၉ | မြို့နယ်ဦးစီးမှူး(၁)ထပ် အကြီးစားပြင်ဆင်ခြင်း | (၆၀' x ၃၀') | သာစည်မြို့နယ် |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၈-၅-၂၀၂၆)
တင်ဒါပိတ်မည့်ရက် - (၂၂-၅-၂၀၂၆)
တင်ဒါရွေးချယ်မည့်နေရာ - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့။ စိုက်ပျိုးရေးဦးစီးဌာန

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊**
**၇၃-လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မန္တလေးမြို့**
**ဖုန်း ၀၉-၄၀၂၅၂၆၆၆၇၊ ၀၉-၉၄၀၉၉၆၇၇၇**

### ပျောက်ဆုံးကြောင်း

မာမက်ကာစင်(ခ)အေးဝင်း(ဘ)မိုဟာမက်ရာရှစ် ၁၂/မဂတ(နိုင်)၀၇၇၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၁၂၅၆၀၇၅**

### ပျောက်ဆုံးကြောင်း

မိုးနှင်းမာ(ဘ)ဦးမောင်ညဏ် ၈/တတက(နိုင်)၁၇၂၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ရန်အောင်(ဘ)ဦးဝင်းလှိုင် ၉/ရမသ(နိုင်)၁၉၆၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၁၆၉၂၅၅၄**

### ပျောက်ဆုံးကြောင်း

သက်ပိုင်ဦး(ဘ)ဦးစိုးနိုင်ဦး ၁၂/လကန(နိုင်)၂၂၆၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### အမည်ပြောင်း

ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(၅)အရှေ့လျော်ဖြူကုန်းကျေးရွာ Grade-2 မှ ပညာသင်ကြားနေသော အဘ ဦးသန်းထိုက်အောင် ၉/ပမန(နိုင်)၁၄၀၀၄၃ ၏သား မောင်ထိုက်အာကာရှိန်းအား မောင်စစ်မင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စစ်မင်းထွန်း**

### ပျောက်ဆုံးကြောင်း

အောင်တင့်ကြွယ်(ဘ)ဦးသက်ထွန်း ၁၂/ကမတ(နိုင်)၀၀၁၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၃၃၈၄၂**

### ပျောက်ဆုံးကြောင်း

ယုမွန်ဝင်း(ဘ)ဦးမြင့်ဝင်း ၁၄/မအန(နိုင်)၁၈၄၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၄၂၀၀၇၉၉**

### ပျောက်ဆုံးကြောင်း

ဖွဲ့ထက်ဝေ(ဘ)ဦးဝင်းကြိုင် ၁၂/တတထ(နိုင်)၀၁၂၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၂၂၃၇၇၂၆**

### အမည်ပြောင်း

ရွှေဘောမြို့နယ်၊ စဥ့်ဟယ်ရပ်ကွက် ၉/မထလ(နိုင်)၂၄၅၅၃၅ ကိုင်ဆောင်သူ အဘ ဦးသက်ပိုင်စိုး၏သားဖြစ်သူ အ.ထ.က(အောင်သပြေ)၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်အိမ်းအိမ်းအောင်အား မောင်ဘုန်းသုခဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ဘုန်းသုခ**

### ပျောက်ဆုံးကြောင်း

ခိုင်ဇာလင်း(ဘ)ဦးအောင်နိုင်၁၂/လကန(နိုင်)၁၉၉၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၇၁၈၃၂၀၃**

### ပျောက်ဆုံးကြောင်း

ဇင်ကိုလွင်(ဘ)စောခင်မောင်လွင်၁၄/ညတန(နိုင်)၂၂၁၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

မျိုးမြတ်သူ(ဘ)ဦးဝင်းနိုင် ၁၂/ဗဟန(နိုင်)၀၉၈၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၄၆၁၄၈၄၅**

### ပျောက်ဆုံးကြောင်း

အိအိအောင်(ဘ)ဦးသိန်းဌေးအောင် ၁၂/သလန(နိုင်)၀၁၁၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၂၅၉၃၄၃၄**

### ပျောက်ဆုံးကြောင်း

ကိုယယ်(ဘ)ဦးငြိမ်းမောင် ၇/ပတတ(နိုင်)၁၂၃၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၂၀၄၄၁၇၃**

### ပျောက်ဆုံးကြောင်း

ရွှေအိမ်(ဘ)ဦးအိုက်ပု ၁၃/ဟပတ(နိုင်)၀၁၆၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

မေမြတ်သူ(ဘ)ဦးစိုးလွင် ၁၄/ပသန(နိုင်)၂၀၅၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 571912)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဆုံကုန်းရပ်ကွက်၊ MAY Preschool Grade-4 တွင် ပညာသင်ကြားနေသော မမြူနှင်းမှုံ၏ဖခင်အမည်မှန်မှာ ဦးအောင်မျိုးသန့် ၉/အမရ(နိုင်)၁၄၉၁၀၉ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးသန့်**

### ပျောက်ဆုံးကြောင်း

ဇင်နွယ်မိုး(ဘ)ဦးတင်ဌေ ၁၄/ပစလ(နိုင်)၀၀၉၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၂၉၁၃၀၄၀**

### ပျောက်ဆုံးကြောင်း

ပြုံးပြုံးဆင့်(ဘ)ဦးစိန်ဆိုင် ၈/စလန(နိုင်)၁၆၀၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

သောင်းဌေး(ဘ)ဦးဝင်းဆွေ ၉/ကပတ(နိုင်)၁၈၅၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

သစ္စာ(ဘ)ဦးကြည်မြင့် ၁၂/ဥကမ(နိုင်)၂၂၁၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၅၈၂၄၃၅၀**

### ပျောက်ဆုံးကြောင်း

ချစ်သဲဦး(ဘ)ဦးအောင်ဝင်း ၈/ဂဂန(နိုင်)၁၀၈၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၇၁၉၁၃၅၅**

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပ ရပ်ကွက်၊ စစ်တောင်း(၃)လမ်းနေ ဒေါ်အဲန်းမေရီ(ဘ)ဦးလှသောင်း ၂/ဒမဆ(နိုင်)၀၃၈၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၀၈၅၈၅၁၆**

### ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ နတ်ချောင်းကျေးရွာအုပ်စု၊ ချောင်းခွကျေးရွာနေ အောင်တိုးဝင်း(ဘ)ဦးလျှန်အောင် ၅/ကလထ(နိုင်)၂၂၆၈၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၄၉၃၇၁၆**

### ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကဒက်ငယ်ဆိပ်ရွာနေ မဝင့်ဝါခိုင်(ဘ)ဦးသောင်းဝင်း ၆/လလန(နိုင်)၁၀၂၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၂၈၅၀၇၂၁**

### ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကဒက်ကြီးကျေးရွာနေ ဦးကျော်ထိုက်(ဘ)ဦးအောင်သန်းစိန် ၆/လလန(နိုင်)၀၉၀၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၂၈၅၀၇၂၁**

### ပျောက်ဆုံးကြောင်း

လှိုင်သာယာ(အရှေ့)မြို့၊ အမှတ်(၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ၊ အခန်း-၁၀၆၊ တိုက်-၄၂နေ ခင်ဇေယျာသန်း(ဘ)ဦးတင်မြင့် ၁၂/ဗဟန(နိုင်)၀၈၈၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 831651)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၈၀၁၂၄၀**

### ပျောက်ဆုံးကြောင်း

လှိုင်သာယာ(အရှေ့)မြို့၊ ရွှေလင်ဘန်းကျေးရွာအုပ်စု၊ ရွှေလင်ဘန်းကျေးရွာ၊ တန်ဖိုးနည်းအိမ်ရာ၊ အခန်း-၁၀၁၊ တိုက်-၄၈ နေ ကျော်ဇင်ဦး(ဘ)ဦးတင်ဦး ၇/ဖမန(နိုင်)၁၂၄၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 831646)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၂၀၆၁၂၇**

# ပညာရေးနည်းပြများအလိုရှိသည်

၁။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများနှင့် ပညာရေးကျောင်းများတွင် ပညာရေးနည်းပြ(စာပေ) အဖြစ် အမှုထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ပညာရေးဘွဲ့ရရှိသူများအား ဦးစားပေးမည်။)

(ဂ) အသက် ၃၀ နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးကောင်းမွန်ရမည်။

(င) မည်သည့်ပညာရေးကျောင်းများတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများယူဆောင်လာရမည်-

(က) ကိုယ်ရေးအချက်အလက်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)။

(ဂ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်းနှင့်မိတ္တူ)။

(ဃ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှဘွဲ့ရရှိကြောင်း ထောက်ခံချက်၊ သို့မဟုတ် ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)။

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာကျေးရွာ/ရပ်ကွက်နှင့် ရဲတပ်ဖွဲ့စခန်းတို့မှ ထောက်ခံချက်များ။

၃။ လျှောက်ထားလိုပါက အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးခံရန် အောက်ပါပညာရေးကျောင်းများသို့ ၁-၅-၂၀၂၆ ရက်မှစ၍ လူကိုယ်တိုင်သွားရောက်လျှောက်ထားနိုင်သည်-

(က) အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်မြို့)။

(ခ) အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)။

(ဂ) အမှတ်(၁)ပညာရေးကျောင်း(မြိတ်မြို့)။

(ဃ) အမှတ်(၂)ပညာရေးကျောင်း(မိတ္ထီလာမြို့)။

(င) အမှတ်(၃)ပညာရေးကျောင်း(အောင်ပန်းမြို့)။

(စ) အမှတ်(၄)ပညာရေးကျောင်း(ရဲမွန်မြို့)။

(ဆ) အမှတ်(၅)ပညာရေးကျောင်း(တောင်ငူမြို့)။

(ဇ) အမှတ်(၆)ပညာရေးကျောင်း(မော်လမြိုင်မြို့)။

(ဈ) အမှတ်(၇)ပညာရေးကျောင်း(မြစ်ကြီးနားမြို့)။

(ည) အမှတ်(၈)ပညာရေးကျောင်း(လားရှိုးမြို့)။

(ဋ) အမှတ်(၉)ပညာရေးကျောင်း(ပုသိမ်မြို့)။

(ဌ) အမှတ်(၁၀)ပညာရေးကျောင်း(စစ်တွေမြို့)။

(ဍ) အမှတ်(၁၁)ပညာရေးကျောင်း(မုံရွာမြို့)။

(ဎ) အမှတ်(၁၂)ပညာရေးကျောင်း(ကျိုင်းတုံမြို့)။

၄။ ရွေးချယ်ခန့်အပ်ခြင်းခံရပါက အောက်ပါအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်-

(က) **လစာ**

| | **အဆင့်/အတန်း** | **အခြေခံလစာ** | **နှစ်တိုး** | **ပေါင်း** |
|---|---|---|---|---|
| (၁) | တပ်ကြပ်ကြီး/နည်းပြ(စစ်သည်အစားခန့်) | ၁၉၈၀၀၀ | ၂၀၀၀ | ၂၀၈၀၀၀ |
| (၂) | ဒုတိယအရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၁၆၀၀၀ | ၂၀၀၀ | ၂၂၆၀၀၀ |
| (၃) | အရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၃၄၀၀၀ | ၂၀၀၀ | ၂၄၄၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၀၀၀၀ ကျပ်အထိ ခံစားခွင့်ရှိသည်။ အပိုထောက်ပံ့ငွေအား နိုင်ငံ့ဝန်ထမ်းများနည်းတူခံစားခွင့်ရှိသည်။

(ခ) နေအိမ်၊ ရေ၊ မီးနှင့် တပ်မတော်ဆေးရုံ/ဆေးခန်းများတွင် ဆေးကုသခွင့် အခမဲ့ ခံစားခွင့်ရရှိမည်။

(ဂ) လုပ်သက် ၅ နှစ်ပြည့်ပါက ပညာရေးဒီပလိုမာစာပေးစာယူသင်တန်းသို့ တက်ရောက်ခွင့်ရရှိရေးဆောင်ရွက်ပေးမည်။

(ဃ) သက်ဆိုင်ရာကျောင်းမှ ကျောင်းဝတ်စုံ တစ်နှစ်လျှင် ၂ စုံနှုန်း ထောက်ပံ့ပေးခြင်းနှင့် အခြားထောက်ပံ့မှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာပညာရေးကျောင်းများနှင့် ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We Protect The Family
နေပြည်တော် - အမှတ်(၃) ကျိုင်းတုံလမ်း နှင့် ပဲခူးလမ်းထောင့်
ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်နေရာများအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ပြီး မန္တလေး - မတ္တရာ - သပိတ်ကျင်း - တကောင်း - ထီးချိုင့် - ကသာ - အင်းတော် - မော်လူး - နန့်စီးအောင် - မိုးညှင်း - မိုးကောင်း - မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့

နေပြည်တော် မေ ၆

တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့်ဒေသများ၌လည်း အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter – Terrorism Operation) ဖြင့် မြို့၊ ရွာများအား အဆင့်ဆင့်ပြန်လည်သိမ်းပိုက်၍ ပြည်သူအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို အပိုင်းလိုက်

စာမျက်နှာ ၂၇ ကော်လံ ၁ ▼



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် နောင်လုံတံတား ပြန်လည်ပြုပြင်နေမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် နောင်လုံတံတား ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။

# အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖလမ်းမြို့သို့ရောက်ရှိ

နေပြည်တော် မေ ၆

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)များကိုဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဖလမ်းမြို့အား ဧပြီလ ၂၅ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ▲



ဌာနဆိုင်ရာအဖွဲ့အစည်းများ ဖလမ်းမြို့သို့ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုကြစဉ်။

## နိုင်ငံ့သားကောင်း တာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင် ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် စာမျက်နှာ ၂၂ ကော်လံ ၃ ➲

ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ်ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန်(၂%)တို့ကို အခွန်ကင်းလွတ်ခွင့်ကာလ ထပ်မံတိုးမြှင့်ခွင့်ပြု

စာ - ၁၃ သို့

ဓာတ်မြေသြဇာများတင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(၂%)ကို အခွန်ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်ခွင့်ပြု

စာ - ၁၃ သို့

သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ်ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ကင်းလွတ်ခွင့်ပြု

စာ - ၁၃ သို့